စိတ်ကူးချိုချိုအနုပညာ







# ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများ၏ ပြောင်ချက် နှင့် လှောင်ကွက်များ

လင်းယုန်မောင်မောင်








ဒုတိယအကြိမ်

mgyoe.com









ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများ၏
ပြောင်ချက် နှင့် လှောင်ကွက်များ
လင်းယုန်မောင်မောင်




LYM0011
1,500.00 KS

mgyoe.com

ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများ၏ပြောင်ချက်နှင့်လှောင်ကွက်များ။ လင်းယုန်မောင်မောင်
စာမျက်နှာ ၁၄၂ မျက်နှာ၊ ၁၆ စင်တီ× ၁၈•၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ အောက်တိုဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၄ ခုနှစ် တွတ်ပီစာအုပ်တိုက်၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccp'1@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများ၏ ပြောင်းချက်နှင့်လျှောင်ကွက်များ

လင်းယုန်မောင်မောင်

ဒုတိယအကြိမ်၊ ၂၀၀၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဒေါက်တာမာတင်လူသာကင်း (ဂျူနီယာ) | ၁ |
| ၂။ | တရုတ်ခွေးထံမှ နည်းယူခဲ့ရသော မိုက်တိုက်ဆန် | ၃ |
| ၃။ | ဟာသမင်းသားကြီး မောရစ္စချိဗဲလီယား | ၄ |
| ၄။ | လင်ကွန်း၏ မိတ်ဆွေများ | ၅ |
| ၅။ | သူဌေးရေနစ်တဲ့ကိန်း | ၆ |
| ၆။ | အောက်ဆုံးထပ်ရောက်နေတာကိုး | ၇ |
| ၇။ | သူမ၏သိမ်မွေ့နူးညံ့လှသော လက်များ | ၈ |
| ၈။ | စိတ်ရောကိုယ်ပါ လွတ်လပ်စွာ | ၉ |
| ၉။ | လူဖြူလူမည်းခွဲခြားရေး သတိပေးချက် | ၁၀ |
| ၁၀။ | အစက်ကလေးတစ်စက်ရဲ့ အရေးကြီးပုံ | ၁၂ |
| ၁၁။ | သမီးကဖုန်းဆက်လို့ပါ | ၁၃ |
| ၁၂။ | အကောင်းဆုံးအကူအညီ | ၁၄ |
| ၁၃။ | ရွေးကောက်ပွဲအောင်မြင်သူ | ၁၅ |
| ၁၄။ | ကျွန်တော့်ဆိုင်ကဖိနပ်တစ်ရန် ဝယ်စီးပါလား | ၁၆ |
| ၁၅။ | ရေမရောရင် အသေစောမှာပေါ့ | ၁၇ |
| ၁၆။ | ပွဲခပေးရဦးမှာလား | ၁၉ |
| ၁၇။ | လက်ဖှေ့သမားနှင့် ဘာသာစကား | ၁၉ |
| ၁၈။ | ထူးဆန်းသော အထက်လွှတ်တော်အမတ် | ၂၀ |


mgyoe.com

mgyoe.com


၁၉။ ပတ်ဝန်းကျင်ကို အလိုမလိုက်ပါနဲ့ ဒါပေမဲ့… ၂၁
၂၀။ ရာသက်ပန်ရိုးမြေကျ ၂၃
၂၁။ ချောင်းဆိုးပျောက်ဆေးနဲ့ သွားကြားထိုးတံ ၂၄
၂၂။ ဆိုဖီယာနဲ့ မလဲနိုင်သူ ၂၅
၂၃။ ရုစဘဲ့၏အရည်အချင်း ၂၅
၂၄။ မဟာမက်အလီနှင့် မိုက်ကယ်ကိန်း ၂၇
၂၅။ အသေးအဖွဲဆုံးက အရေးအကြီးဆုံး ၂၈
၂၆။ တကယ်လုပ်တော့ အဟုတ်ခက် ၂၉
၂၇။ ကတ်သရင်းဟက်ဘန်၏စကားပြောနည်း ၃၀
၂၈။ ကံကောင်းတဲ့ဒုတိယသမ္မတဟွန်ဒေးလ် ၃၁
၂၉။ ထူးခြားဆန်းကြယ်သော အမျိုးသမီးတစ်ယောက် ၃၂
၃၀။ ဆိုရှယ်လစ်မှ ဆိုရှယ်လစ် ၃၃
၃၁။ စာတိုက်မင်းကြီးဒုက္ခ ၃၄
၃၂။ ဦးထုပ်ကိုတော့ ဒီအတိုင်းထားပေးပါခင်ဗျာ ၃၅
၃၃။ ကောလာဟလသတင်း ရှင်းစရာမလို ၃၆
၃၄။ ဒါ ကျူပ်လက်ချက်ဗျ ၃၆
၃၅။ စားပွဲပေါ်က ခြေထောက်နှစ်ချောင်း ၃၈
၃၆။ ပျောက်ဆုံးနေသော ကလင်တုန်၏နာရီ ၄၀
၃၇။ တစ်အိပ်ရာထဲလို မဝေးဘူးမောင်ထင်တယ်။ ၄၃
၃၈။ ကျောင်းသူကလေးတစ်ဦး၏ ဆန္ဒနှင့်
လင်ကွန်း၏ မုတ်ဆိတ်မွေး ၄၅
၃၉။ ချာချီကြီး၏အကျင့်စရိုက် ၄၈
၄၀။ ဆာဘွဲ့အခမ်းအနားမှာလည်း မှားတဲ့အခါမှားပေမပေါ့ ၄၉
၄၁။ အစားမရှောင်တဲ့ဝန်ကြီးချုပ် ၅၂


mgyoe.com

mgyoe.com


၄၂။ (၁၆၈) နှစ်မြောက် မွေးနေ့လက်ဆောင် ၅၃

၄၃။ အမေ့ကိုမှ မှတ်မိသူ ၅၄

၄၄။ ချာချီကြိုက်တတ်တဲ့ လိပ်သားစွပ်ပြုတ် ၅၅

၄၅။ အမျိုးသမီးတွေကို ဦးစားပေးရတယ်ကွ ၅၇

၄၆။ သူ့အကြိုက် ကိုယ့်အကြိုက် ၅၈

၄၇။ ချာချီ၏အကောင်းဆုံး ဓာတ်ပုံ ၅၉

၄၈။ ဖန်ပြွန်သန္ဓေသားမွေးဖွားရာ ပြဿနာ ၆၀

၄၉။ ချာချီနှင့် ဒီမိုကရေစီ ၆၂

၅၀။ ခွသမားကြီးဘားနတ်ရှော၏ ခွကျသောအရေးအသား ၆၄

၅၁။ ဆတ်ဆတ်ထိမခံသော ချာချီ၏တစ်ခ်နုပ္ပဋ္ဋိဉာဏ် ၆၄

၅၂။ ချာချီကြီး တစ်ပတ်ရိုက်ခံလိုက်ရခြင်း ၆၆

၅၃။ မိန်းမကြောက်သူ ၆၈

၅၄။ ရုရှတို့၏ လူပါးဝပုံများ ၆၉

၅၅။ ဘလိတ်ဓားလက်ဆောင် ၇၀

၅၆။ ရုရှဖလင်နှင့် အမေရိကန်ပြစက် ၇၂

၅၇။ ဆန်းကြယ်သော ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ ၇၃

၅၈။ စတာလင်နှင့် ကရူးရှက်ပုံပြင် ၇၄

၅၉။ ကျန်းမာရေးနှင့် စစ်အေးတိုက်ပွဲ ၇၆

၆၀။ တရားတော်နှင့် ကိုက်ညီသောဤသုံးဦး ၇၈

၆၁။ မသောက်တဲ့အခါများ ရှိသေးလို့လား ၇၉

၆၂။ ဂျေရုစလင်မြို့တော်ဝန်အပြော ၈၁

၆၃။ သက်စွန့်ဆံဖျား မြေမြှုပ်ဗုံး ရှင်းလင်းသမား ၈၂

၆၄။ တယောဆရာကာဆဲလ်နှင့် ဗီယင်နာ ၈၃

၆၅။ ဂျူးလူမျိုးများ၏ ထူးဆန်းသောအယူအဆ ၈၅


mgyoe.com

mgyoe.com


၆၆။ အဲလ်ဘတ်ရှိုက်ဇာ၏ မေတ္တာနှင့် စေတနာ ၈၆
၆၇။ ဗိုးကိုမကြောက် ဆေးလိပ်မီးကိုကြောက်သူ ၈၈
၆၈။ ဝမ်းသာပါတယ် သားရယ် ၈၉
၆၉။ လူတစ်ယောက် အကြိုက်တစ်မျိုး ၉၀
၇၀။ အချိန်ကုန်သက်သာတဲ့နည်း ၉၂
၇၁။ သမ္မတကြီးဒီဂေါ၏ အကျင့်စရိုက် ၉၃
၇၂။ ဂီတ၏သင်္ကေတ ၉၄
၇၃။ အဖေလုပ်သလို လုပ်ရတာသိပ်သဘောကျ ၉၅
၇၄။ တိရစ္ဆာန်ကြီး အခေါ်ခံရသူ ၉၆
၇၅။ အီကော်နောမစ်နှင့် ကွန်မြူနစ် ၉၇
၇၆။ ထူးဆန်းသော ဂျပန်သံအမတ် ၉၈
၇၇။ သမ္မတကြီး ဟိုချီမင်း၏ အလေ့အကျင့် ၁၀၀
၇၈။ စိတ္တဇပန်းချီကြောင့် စိတ္တဇဖြစ်ရသူ ၁၀၃
၇၉။ လူသားချင်းစာနာသော ဂီတဆရာကြီး ၁၀၆
၈၀။ လူရွယ်လူလတ်ဘဝရဲ့ဒုက္ခ ၁၀၈
၈၁။ ပန်းချီဆရာနဲ့ သဲကန္တာရရှုခင်း ၁၀၉
၈၂။ မသိလို့တားမိတာပါ ၁၁၁
၈၃။ အမြတ်ရာခိုင်နှုန်းမရတဲ့ ဇာတ်ကားတွေ ၁၁၁
၈၄။ မှန်ကန်မှုနှင့် ရိုးသားမှု ၁၁၁
၈၅။ ကျွန်တော်တို့ မြို့သူမြို့သားတွေဟာ
ဒီလောက်မရိုင်းကြပါဘူး ၁၁၂
၈၆။ ဒီပန်းတွေဟာ ညှိုးသွားမှာပါ ၁၁၃
၈၇။ ပလေးဘွိုင်မဂ္ဂဇင်းထဲက သဘာပတိကြီး ၁၁၄
၈၈။ စစ်ပွဲတွင် နေရာကောင်းရခဲ့သူ ၁၁၅


mgyoe.com

mgyoe.com


၈၉။ ဟိုစဉ်ကပင် မိန်းမယောက်ျား မကွဲပြား ၁၁၆

၉၀။ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ် ၁၁၇

၉၁။ သက်တော်စောင့်ထောင်သားများ ၁၁၉

၉၂။ ကလေးအတွေး ကလေးအမြင် ၁၂၀

၉၃။ ဂေါက်သီးသမား၏ကြွားလုံး ၁၂၁

၉၄။ ကလေးကစားသည့် သေနတ်သံကြားရ၍
ထိတ်လန့်တကြားဖြစ်ရသူများ ၁၂၂

၉၅။ ဧည့်သည်တွေ နာမည်ပျက်မှာစိုးလို့ ၁၂၃

၉၆။ အားလုံးဘေးရန်ကင်းပါပြီ ၁၂၄

၉၇။ စိတ်ရောဂါကုဆရာဝန်ပါပဲ ၁၂၅

၉၈။ တရားသူကြီးချုပ်၏ သဘောထား ၁၂၆

၉၉။ ရှိတ်စပီးယားကြီး ကံကောင်းလို့ ၁၂၇

၁၀၀။ ထူးဆန်းလှသော သမ္မတသစ်၏ ဂုဏ်ပြုလက်ဆောင် ၁၂၉

၁၀၁။ ငယ်ငယ်တုန်းကတော့ ပေခဲ့တေခဲ့တာပေါ့ ၁၃၀

၁၀၂။ ဝှုန်စတိမ်းဘတ်၏ တရားကျစရာအဘိဓမ္မာ ၁၃၁

၁၀၃။ သည်းခံစိတ်ဖြင့် အနိုင်ယူခဲ့သူ ၁၃၃

၁၀၄။ ချာချီကြီး၏ မိန်းမချော့နည်း ၁၃၅

၁၀၅။ ထိပ်တန်းလျှို့ဝှက်ချက် ၁၃၆

၁၀၆။ သေနတ်မှန်တာနဲ့ ဆေးလိပ်ဖြတ်တာ ၁၃၇

၁၀၇။ ကျွန်တော့်ဒုက္ခ ၁၃၈

၁၀၈။ ပလပ်ထိုးစရာနေရာရှာပေးပါ ၁၃၉

၁၀၉။ ပန်းရောင်မြို့တော် ၁၄၀

၁၁၀။ စကားလုံးများများသုံးတတ်သော တရားဥပဒေများ ၁၄၁


❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ဒေါက်တာမာတင်လူသာကင်း (ဂျူနီယာ)

ဒေါက်တာမာတင်လူသာကင်း (ဂျူနီယာ)သည် အမေရိကန်ပြည် တစ်ဝှမ်း၌ လူသိများ၍ ထင်ရှားကျော်ကြားသော လူမည်းခေါင်းဆောင် တစ်ဦးဖြစ်သည်။ သူသည် လူမည်းခေါင်းဆောင်တစ်ဦးပင် ဖြစ်သော် လည်း သူ၏ သီလ သမာဓိနှင့် ခိုင်မြဲသောယုံကြည်ချက်များကြောင့် အမေရိကန်သမ္မတ ကိုယ်တိုင်အပါအဝင် လူဖြူအမေရိကန် အမျိုးသားများ ကပင် သူ့အား ကြည်ညိုလေးစားခဲ့ကြရသည်။

အထူးသဖြင့် သူသည် အသားရောင်ခွဲခြားရေးစနစ်ကို တိုက်ဖျက် ရာ၌ အကြမ်းမဖက်သောအနုနည်းကို အသုံးပြုခဲ့ရာ လူမည်းများက တစ်ခဲနက် ထောက်ခံခဲ့ကြသလို လူဖြူများကလည်း အင်တိုက်အားတိုက် ပါဝင်လှုပ်ရှားခဲ့ကြသည်။

အမေရိကန်အစိုးရက လူမည်းများအား နှိမ်ချသည့်သဘောဖြင့် စားသောက်ဆိုင်များတွင် လူမည်းများအား ဝင်ခွင့်မပြုဟု ကန့်သတ်ခဲ့ကြ သလို ဘတ်စ်ကားများကိုလည်း လူမည်းများမစီးရဟု အမိန့်ထုတ်ပြန်ထား သည်။

ထိုသို့ လူဖြူလူမည်း အသားအရောင်ခွဲခြားရေးကို ဆန့်ကျင်တိုက် ဖျက်ရာ မာတင်လူသာကင်းသည် အကြမ်းမဖက်ဘဲ အနုနည်းများကိုသာ အသုံးပြုကြရန် စည်းရုံးလှုံ့ဆော်ခဲ့ရာ လူမည်းများကလည်း မာတင်လူ

mgyoe.com

သာကင်း၏ အပေါအပြောကောင်းမှုကြောင့် တစ်သဝေမတိမ်း လိုက်နာခဲ့ကြသည်။

တစ်ခါသော် ဘတ်စ်ကားများတွင် လူမည်းများမစီးရဟု ကန့်သတ် ချုပ်ချယ်ထားခဲ့ရာ ထိုချုပ်ချယ်မှုကို အနုနည်းဖြင့် အာဏာဖီဆန်ရန် လူသာကင်း၏ညွှန်ကြားချက်များကို လူမည်းများက အတိအကျ လိုက်နာခဲ့ကြသည်။

သို့စဉ်တွင် အသက် (၇၂) နှစ်အရွယ်ရှိ လူမည်းအမျိုးသမီးကြီးသည် သူမအလုပ်လုပ်သော စက်ရုံရှိရာ မိုင်ဝက်ခန့်ဝေးသော နေရာသို့ ဘတ်စ်ကားမစီးဘဲ ဆန္ဒပြသောအားဖြင့် နေ့စဉ်အသွားအပြန် လမ်းလျှောက်သွားခဲ့သည်။ သူမ၏နေ့စဉ် လမ်းလျှောက်နေသည့် ပင်ပန်းမှုဒဏ်ကို မကြည့်ရက်နိုင်သော မိတ်ဆွေတစ်ယောက်က မနေနိုင်သဖြင့် ဤသို့မေးခဲ့သည်။

"အစ်မကြီး၊ ခုလိုဆန္ဒပြတဲ့အနေနဲ့ ဘတ်စ်ကားမစီးဘဲ နေ့တိုင်း အသွားအပြန် လမ်းလျှောက်ရတာ မမောဘူးလား၊ မပင်ပန်းဘူးလား"


ဤတွင် (၇၂) နှစ်အရွယ်ရှိ အဘွားကြီးက ပြန်ဖြေလိုက်ပုံမှာ အသားအရောင်ခွဲခြားမှု ဆန့်ကျင်ရေးအတွက် သမိုင်းတွင်သွားသည်။ သူမက ပြန်ဖြေလိုက်သည်မှာ "ပင်ပန်းတာပေါ့ကွယ်။ ခြေထောက်တွေ လည်း နာတာပေါ့။ ဒါပေမဲ့ ဒီလိုလမ်းလျှောက်ရတဲ့အတွက် အဘွားရဲ့ စိတ်ဓာတ်ကတော့ ပင်လည်း မပင်ပန်းပါဘူး၊ နာလည်း မနာပါဘူး"

□

mgyoe.com

mgyoe.com

# တရုတ်ခွေးထံမှ နည်းယူခဲ့ရသော မိုက်တိုက်ဆန်



ကမ္ဘာ့လက်ဝှေ့ကျော် မိုက်တိုက်ဆန် ဆုရထားသော ခွေးကလေး တစ်ကောင်ကို မွေးထားခဲ့သည်မှာ ကြာပြီဖြစ်သည်။ ထိုခွေးမှာ တရုတ် အမျိုးအစားဖြစ်၍ ရှားပိုင်ဟု ခေါ်သည်။ နှာခေါင်းပြားပြားဖြင့် အလွန် အရုပ်ဆိုး၍ Bulldog ခေါ် ခွေးဘီလူးကဲ့သို့ ဖြစ်သည်။ အခြားခွေး များဖြင့် မကြာခဏခိုက်ရန်ဒေါသဖြင့် အကိုက်ခံရ၍ သူ့ကျောပြင်တွင် လည်း အမာရွတ်များဖြင့် ပြည့်နေပြီး ခန္ဓာကိုယ်မှာလည်း တုတ်ခိုင်ကြီး မားလှသည်။ ''ဒီလိုရှားပိုင်ဆိုတဲ့ ခွေးအမျိုးအစားတွေဟာ တရုတ်ပြည်မှာ ဆိုရင် ရန်သူကို ခုခံကာကွယ်တဲ့နေရာနဲ့ တိုက်တဲ့ခိုက်တဲ့နေရာမှာ အင် မတန် နာမည်ကြီးပါတယ်။ ဒါကြောင့်မို့ ခွေးအကြောင်း ကျွမ်းကျင်တဲ့

mgyoe.com

mgyoe.com


လူတွေက ဒီခွေးတွေရဲ့ကျောမှာ အမြဲတမ်း အမာရွတ်တွေ ရှိနေတတ်ပါတယ်''ဟူ၍ မိုက်တိုက်ဆန်က ရှင်းပြခဲ့သည်။

တခြား ခွေးတစ်ကောင်ကောင်က သူ့ကို ကိုက်လိုက်ပြီဆိုရင် သူဟာ နောက်ကို ရုတ်တရက်ပြန်လှန်ပြီး ကိုက်တတ်ပါတယ်။

လက်ဝှေ့ကြိုးဝိုင်းအတွင်းမှ တိုက်ဆန်၏ထိုးသတ်သည့် နည်းမှာလည်း ရှားပိုင်ခွေးများကဲ့သို့ပင် ဖြစ်သည်။ တစ်ဖက်ရန်သူ၏ လက်သီးချက်များကို ရှောင်တိမ်းရင်း ပူးကပ်၍ဖြစ်စေ၊ ခပ်လှမ်းလှမ်းမှဖြစ်စေ၊ ချက်ကောင်းကိုမိအောင် ပြန်လည်ထိုးသတ်ခြင်းသည် မိုက်တိုက်ဆန်အတွက် လက်ဝှေ့ကြိုးဝိုင်းအတွင်း နာမည်ကျော်ကြားစေခဲ့သည်ဖြစ်ရာ ထိုနည်းပရိယာယ်ကို တရုတ်ခွေး ရှားပိုင်အမျိုးအစားမှ ရယူခဲ့သည်ဟုပင် ဆိုနိုင်စရာရှိသည်။

❐

## ဟာသမင်းသားကြီး မောရစ္စချ်ဖဲလီယား

ကမ္ဘာကျော်ရုပ်ရှင် ဟာသမင်းသားကြီး မောရစ္စချ်ဖဲလီယားသည် တစ်နေ့တွင် ပြဇာတ်ရုံတစ်ရုံသို့ ရောက်သွားခဲ့ရာ သူ့မိတ်ဆွေ လူရွှင်တော် ဖစ်လ်တစ်လ်ဖားရှိရာ ဇာတ်ရုံနောက်ဖေးသို့ သွားတွေ့ခဲ့သည်။

ဇာတ်ရုံနောက်ဖေးတွင် ကချေသည်ချောချောလှလှ ကောင်မလေးများကို ကြည့်ရင်း မောရစ္စက ''အင်း... ကျုပ်ဖြင့် အသက် (၂၀) လောက်တောင် ပိုပြီး ကြီးချင်စိတ်ပေါက်လာတယ်''ဟု ညည်းလိုက်သည်။ ဤတွင် သူ့မိတ်ဆွေက ''ဘယ့်နှယ့်လဲဗျ၊ ခင်ဗျားဟာ မဟုတ်သေးပါဘူး။ အသက် (၂၀) လောက် ပြန်ငယ်ချင်တယ်လို့ ပြောစမ်းပါ'' ဟု သူ့အား လှမ်းပြောလိုက်သည်။

mgyoe.com

mgyoe.com


ဤတွင်မှ ထိုစဉ်က အသက် (၇၃) နှစ် ရှိနေပြီဖြစ်သော မောရစ္စချိဗဲလီယားက "ကျုပ် တကယ်ပြောနေတာဗျ၊ နောက်ထပ် အသက် (၂၀) လောက် ကြီးချင်တယ်ဆိုတာ အမှန်ပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ နောက်ထပ် နှစ် (၂၀) လောက်ကြီးနေရင် ကျုပ်အသက်က ၉၀ ကျော်နေပြီမို့ ခုလို ကောင်မလေးချောချောလှလှတွေ တွေ့ရလို့လည်း ဘာမှထူးခြားမှာ မဟုတ်တော့ပါဘူး"ဟု သူ၏ ဇရာ၏သဘာဝကို ဖွင့်ဟပြောဆိုခဲ့သည်။

❒

## လင်းကွန်း၏ မိတ်ဆွေများ




တစ်ခါက ပွင့်ပွင့်လင်းလင်း မေးတတ်သောသတင်းစာ ဆရာမ ကိလ်ထင်ဘတ်သည် သမ္မတကြီးလင်ကွန်းအား မေးခွန်းတစ်ခု မေးခဲ့ သည်။ "သမ္မတကြီးရှင့်၊ သမ္မတကြီးဟာ ရန်သူတွေကို သုတ်သင် မပစ်ဘဲ သိမ်သိမ်မွေ့မွေ့နဲ့ ကြင်ကြင်နာနာ စကားပြောတတ်တယ်လို့

mgyoe.com

mgyoe.com


သိရပါတယ်။ အဲဒါ ဘယ်လိုအကြောင်းကြောင့်ပါလဲ''ဟု မေးခဲ့သည်။

ထိုအခါ သမ္မတလင်ကွန်းက တိုတိုတုတ်တုတ်ပင် ပြန်ဖြေခဲ့သည်။ ''မဒမ် ခင်ဗျား၊ ကျွန်တော်ဟာ ကျွန်တော်ရဲ့ရန်သူတွေကို သုတ်သင်ပစ်မယ်ဆိုရင် သူတို့နဲ့ အခုလိုမိတ်ဆွေ ဘယ်တော့ဖြစ်လာမှာလဲဗျာ'' ဟု ပြောခဲ့ရာ အမျိုးသမီးမှာ ပါးစပ်အဟောင်းသား ဖြစ်နေခဲ့သည်။

□

## သူဌေးရေနစ်တဲ့ကိန်း



အမေရိကန်သမ္မတကြီး ဖရင့်ကလန်ဒီရူစဗဲ့သည် အမေရိကန်ပြည်ထောင်စုကြီး၏ စီးပွားတိုးတက်ဖွံ့ဖြိုးရေးကို အထူးအာရုံစိုက်၍ ဆောင်ရွက်ခဲ့သူဖြစ်သည်။ သူသည် အမေရိကန်ပြည်သူတို့၏ စီးပွားရေးအရ ထိပ်ဆုံးသို့ရောက်နေသော စီးပွားရေးလုပ်ငန်းရှင်ကြီးများအား အမြဲတမ်း ဂုဏ်ပြုအားပေးခဲ့သည်။

ဤတွင် သမ္မတကြီးရူစဗဲ့၏ သားတစ်ယောက်သည် ဂျူးမွန့်

mgyoe.com

mgyoe.com


ဆိုသူ စီးပွားရေးလုပ်ငန်းရှင်ကြီး တစ်ယောက်၏သမီးနှင့် ထိမ်းမြား လက်ထပ်ခဲ့၏။ ဂျူးမွန့်မှာ အမေရိကန် စီးပွားရေးလုပ်ငန်းရှင်ကြီးများ အနက် ထိပ်ဆုံးသို့ရောက်နေသူ ဖြစ်သည်။ သို့ဖြင့် သမ္မတကြီး၏သားနှင့် အချမ်းသာဆုံးသူဌေးကြီး၏ သမီးမင်္ဂလာလက်ထပ်ပွဲမှာ ဝက်ဝက်ကွဲမျှ စည်ကားခဲ့သည်။ သူဌေးကြီး ဂျူးမွန့်၏ကျယ်ဝန်းလှသော ခြံကြီးအတွင်း မင်္ဂလာပွဲသို့ လာရောက်အားပေးကြသော ဂုဏ်သရေရှိ မင်းပရိသတ် အပေါင်းတို့နှင့် သောင်းသောင်းဖြဖြ ကြက်ပျံမကျစည်ကား ကျယ်ဝန်း လှ၏။ ထိုသို့ ပရိသတ်များဖြင့် ပြည့်ကျပ်စည်ကားနေခိုက် ရုတ်တရက် မမျှော်လင့်ဘဲ သဲကြီးမဲကြီး ရွာချလိုက်သော မိုးကြောင့် မင်္ဂလာပွဲ ကျင်းပရာ ခြံကြီးတစ်ခုလုံးမှာ ရေနစ်၍ စိုရွှဲနေခဲ့သည်။ သမ္မတကြီး တစ်ယောက်လုံး မိုးထဲရေထဲတွင် ရွှဲရွှဲစိုနေသောအဖြစ်ကိုကြည့်ကာ ခမည်း ခမက်ဖြစ်သူ သူဌေးကြီးဂျူးမွန့် အားရပါးရ လက်ခုပ်လက်ဝါးတီးကာ ရယ်မောရ၍ ကျယ်လောင်သောအသံကြီးဖြင့် အော်ဟစ်လိုက်ရာ ပရိသတ် အားလုံးမှာ ကိုယ့်အဖြစ်ကို မေ့သွားခဲ့ကြ၏။ သူဌေးကြီးဂျူးမွန့် လှမ်း၍ အော်ဟစ် ရယ်မောလိုက်ပုံမှာ "သူဌေး ရေနစ်တဲ့ကိန်း ဆိုက်တယ်ဆိုတာ ဒါမျိုးကို ပြောတာပေါ့" ဟူသတည်း။

❒

## အောက်ဆုံးထပ်ရောက်နေတာကိုး

ရုပ်ရှင်လူရွှင်တော် မင်းသားကြီး ဘော့ပ်ဟုတ်သည် ဟာသဆန် ဆန် ပုံပြင်များကို မကြာခဏပြောတတ်သည်။ ပြောသည့်ပုံပြင်များမှာ သဘာဝမကျ ယုတ္တိမရှိသော်လည်း ကြားရသူတိုင်း ပွဲကျခဲ့ကြသည်။ တစ်နေ့တွင် ဘော့ပ်ဟုတ်က ရုပ်ရှင်ကြည့်ရာတွင် အရမ်းဝါသနာပါသော သူငယ်ချင်းနှစ်ယောက်အကြောင်းကို ဤသို့ပြောပြခဲ့သည်။

mgyoe.com

mgyoe.com


"သူတို့နှစ်ယောက်ဟာ လူချင်းခင်ပေမယ့် ရုပ်ရှင်နဲ့ပတ်သက်လာရင်တော့ တစ်ယောက်နဲ့တစ်ယောက် အရှုံးမပေးဘဲ စကားနိုင်လုပြီး ပြောတတ်ကြပါတယ်။ တစ်နေ့တော့ သူငယ်ချင်းတစ်ယောက်က ညက ထူးဆန်းတဲ့ အိပ်မက်တစ်ခု မက်တဲ့အကြောင်း ပြောပြပါတယ်။ အိပ်မက်ထဲမှာ သူတစ်ယောက်တည်းရှိနေတဲ့ အိပ်ခန်းထဲကို ရုပ်ရှင်မင်းသမီးချော ဆိုဖီယာလော့ရင်း ဝင်လာတယ်လို့ ဆိုပါတယ်။ ဒါနဲ့ သူလည်း ဆိုဖီယာကို ဆီးကြိုပွေ့ဖက်ဖို့အသွားမှာ ကံဆိုးချင်လို့လား၊ ကံကောင်းချင်လို့လား မသိပါဘူး။ မင်းသမီးချော မာရီလင်မွန်ရိုးဟာ အခန်းထဲဝင်လာတာကို တွေ့လိုက်ရပါတယ်။ ဒါနဲ့ သူပြောတဲ့အိပ်မက်ကို နားထောင်နေရတဲ့ သူ့သူငယ်ချင်းက "ဒီလိုဆို မင်း သိပ်ကံကောင်းတာပေါ့၊ ဒါနဲ့များ မင်းနှယ်ကွာ ငါ့ဆီကိုလှမ်းပြီး ဖုန်းဆက်လိုက်ဖို့ ကောင်းပါတယ်"လို့ ပြောလိုက်တော့ သူ့သူငယ်ချင်းက ဘာပြန်ပြောသလဲဆိုတော့ "ဆက်တာပေါ့ကွာ၊ အိပ်မက်ထဲမှာ မင်းဆီကို ငါ မှတ်မှတ်ရရဖုန်းဆက်လိုက်တာပေါ့။ ဒါပေမဲ့ မင်းနဲ့မတွေ့ဘဲ မင်းမိန်းမနဲ့တွေ့ပြီး သူက မင်းအခန်းထဲမှာ မရှိဘူးတဲ့။ အောက်ဆုံးထပ်ကို ဆင်းသွားတယ်ဆိုတော့ ငါလည်း ဘယ်လိုမှ မတတ်နိုင်တော့ဘူးပေါ့ကွာ"

ဘော့ပ်ဟုတ်၏ ဟာသဇာတ်လမ်းအဆုံးတွင် ကြားရသူတိုင်း "ဝါး"ခနဲ ပွဲကျသွားခဲ့ကြသည်။

❒

## သူမ၏ သိမ်မွေ့နူးညံ့လှသော လက်များ

ကျွန်တော် ဆုပ်ကိုင်ထားမိသော လက်များမှာ နူးညံ့ သိမ်မွေ့၍ ပျော့ပျောင်း လွန်းလှပါသည်။ ကျွန်တော် တွေ့ထိဖူးသမျှ အချို့သူများ၏ လက်များမှာ ကြမ်းတမ်းမာကျော၍ ခက်ထန်လှပါသည်။ ထိုလက်များ

mgyoe.com

mgyoe.com




ကို ကိုင်တွယ် ထိတွေ့ရသည်မှာ ပျော့ရှင်ဖွယ်ရာ ကင်းမဲ့လှ၍ ချွေး များ မသိမသာ စိုရွှဲနေတတ်၏။ ထိုလက်ချောင်းများကို ကိုင်တွယ် ထိတွေ့ရသည်မှာ အရှေ့မြောက် လေနီကြမ်းနှင့် ကြုံရဆုံရသလို ရှိလှပါသည်။ အချို့လက်ချောင်းများ မှာ ပူနွေးသော နေရောင်ခြည်ကို ထိတွေ့ရသလို ဖြစ်နေပါသည်။ သို့သော် သူမ၏ လက်ချောင်းများမှာ အေးစက်သိမ်မွေ့သည့် စေတနာ နှင့် မေတ္တာကို ကိုင်တွယ်ထိတွေ့ရသလို ဖြစ်နေပါသည်။

ဤသို့လျှင် ကမ္ဘာကျော်စာရေးဆရာကြီး ဟယ်မင်းဝေးကိုယ်တိုင် ချီးကျူးကြုံတွေ့ခဲ့ရသည့် လက်များ၏ပိုင်ရှင်မှာ ကမ္ဘာကျော် မျက်မမြင် အမျိုးသမီးကြီး ဟက်လင်ကဲလား၏ လက်များပင်ဖြစ်ပါသတည်း။

❐

## စိတ်ရောကိုယ်ပါ လွှတ်လပ်စွာ



အမေရိကန်အစိုးရအဖွဲ့နှင့် နိုင်ငံရေး လောကတွင် "ဟူးဘက်ဟမ်းမရေး" သည် စိတ်ဓာတ် ခေါင်းမာသလောက် ပြင်း ထန်သူ ဖြစ်၍ စိတ်ရော ကိုယ်ပါ လွှတ် လပ်စွာနေတတ်သူ ဖြစ်သည်။ သူသည် ကင်ဆာရောဂါကြောင့် "စလုံးကတ်တူရင်း ကင်ဆာရောဂါကု ဆေးရုံ" တွင် တက် ရောက် ကုသနေစဉ်မှာပင် လွှတ်လွှတ်

mgyoe.com

mgyoe.com

လပ်လပ် နေချင်သလိုနေခဲ့သူ ဖြစ်သည်။ ဆရာဝန်ကြီးများနှင့် ဆရာဝန်မကြီးများ၏ စကားကို နားမထောင်ဘဲ ဆေးရုံတစ်ရုံလုံး လူနာဆောင်များသို့ ထင်ရာလျှောက်သွားကာ စကားကိုလည်း အစဉ်မပြတ်ပြောလေ့ရှိရာ ထိုကင်ဆာရောဂါကု ဆေးရုံတွင် ဟမ်းမရေး၏ စကားများပုံကို ဆေးရုံတစ်ရုံလုံးက သိနေကြသည်။

ဟမ်းမရေး၏ လူနာဆောင်တွင် လူနာ (၄၀) ခန့်ရှိရာ ဟမ်းမရေးသည် ရှိသမျှလူနာများ၏ ခုတင်ရှိရာသို့ နေ့စဉ်သွားရောက်၍ စကားပြောနေလေ့ရှိသည်။ လူနာများဝတ်သည့် အဝတ်အစားကို ဖိုသီဖတ်သီဝတ်ကာ ညှပ်ဖိနပ်ကိုစီး၍ လူနာခုတင်များရှိရာသို့ တစ်ခုတင်မှ တစ်ခုတင် လျှောက်သွားပြီး တောင်စဉ်ရေမရ လျှောက်ပြောနေခဲ့သည်။ နာမည်ကြီး လူနာတစ်ဦးဖြစ်၍ ဆရာဝန်ကြီးများနှင့် သူနာပြုများကလည်း လက်လွှတ်ထားကြရသည်။ တစ်နေ့သ၌ 'ဂါရယ်ဖို့' (နောင်တွင် သမ္မတဖြစ်လာမည့်သူ) နှင့် အမှတ်မထင် တွေ့ဆုံကြပြီး နှစ်ယောက်သားပြုံးပြုံးရွှင်ရွှင်နှင့် စကားကောင်းနေကြရာ ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများပါ တအံ့တသြ ဖြစ်နေကြသည်။ ဖို့ကလည်း ကျန်းမာရေးကြောင့် အားနည်းနေသော ဟမ်းမရေး၏အသံကို ပခုံးချင်းကပ် ပါးချင်းအပ်၍ စိတ်ပါလက်ပါ နားထောင်နေခဲ့သည်။ သို့သော် ကျန်းမာရေးကို ဂရုမစိုက်ဘဲ လျစ်လျူရှုနေခဲ့သော ဟူးဘက်ဟမ်းမရေးသည် ထိုဆေးရုံမှာပင် မကြာမီ ကွယ်လွန်အနိစ္စ ရောက်သွားခဲ့ရှာသည်။

❒

## လူဖြူ လူမည်းခွဲခြားရေး သတိပေးချက်

အမေရိကန်ပြည်ထောင်စု ကလိမ်လင်းပြည်နယ်၏ ပထမဆုံးမြို့တော်ဝန် ဒေးဗစ်ဖရော့စ်သည် ရုပ်သံလွှင့်ဌာနတစ်ခုနှင့် တွေ့ဆုံ

mgyoe.com

mgyoe.com




မေးမြန်းခန်းကို အောက်ပါအတိုင်း ပြန်ပြောခဲ့သည်။ (ဒေးဗစ်ဖရော့စ် သည် ကလိမ်လင်းပြည်နယ်၏ ပထမဆုံးသော ကပ္ပလီအမျိုးသား မြို့တော်ဝန် ဖြစ်သည်)

ရုပ်သံလွှင့် ဌာနမှ သတင်းထောက်က နယူးဂျာစီပြည်နယ် နယူးအော့စ်မြို့မှ ရွေးကောက်ပွဲတွင် ကပ္ပလီ အမျိုးသား တင်းနလ် စလ်ဘ်ဆင် အရွေးခံရသည့်ကိစ္စနှင့် ပတ်သက်၍ ဖရော့ဇ်အားလန်အား ဤသို့ မေးမြန်းခဲ့သည်။ "လိမ်လင်းမြို့ တော်ဝန်အဖြစ် ဆောင်ရွက်ခဲ့ရတဲ့ ကာလတစ်လျှောက်မှာ ခင်ဗျားဟာ ကပ္ပလီအမျိုးသားဖြစ်နေတဲ့ အတွက် ပိုပြီး အခက်အခဲ တွေ့ခဲ့သလား၊ ဒါမှမဟုတ် ပိုပြီးလွယ်ကူခဲ့ ပါသလား၊ ဘယ်လိုသဘောရပါသလဲ"

ဤတွင် မြို့တော်ဝန်ဖရော့ဇ်က ဤသို့ပြန်ဖြေခဲ့သည်။ "ခင်ဗျား မေးသလိုပါပဲ" တခြားသတင်းထောက် တစ်ယောက်ကလည်း နယူး အော့စ်မြို့မှာ မကြာခင် မြို့တော်ဝန်အဖြစ် အရွေးခံခဲ့ရတဲ့ ဂစ်တ်ဆင် အတွက် ဘယ်လိုအကြံ ပေးချင်ပါသလဲလို့ မေးခဲ့ပါတယ်။ ဂစ်တ်ဆင် ဟာ မြို့တော်ဝန်အဖြစ် အရွေးခံရပြီးတဲ့နောက် အလုပ်တာဝန်တွေ သိပ် များလာပါလိမ့်မယ်။ အဲဒီလိုတာဝန်တွေ ပိလာတဲ့အတွက် သူဟာ သူ့ ကိုယ်သူ ကပ္ပလီအမျိုးသားတစ်ယောက်ဆိုတာတောင် မေ့ပြီး အလုပ်တွေ တအားလုပ်ရပါလိမ့်မယ်။ တကယ်တော့ ကပ္ပလီလူမည်းတွေထဲမှာလည်း လူတော်လူကောင်းတွေ အများကြီးရှိသလို လူဖြူအမေရိကန်တွေထဲမှာ

mgyoe.com

mgyoe.com


လည်း လူညံ့တွေ အများကြီးရှိပါတယ်။ ဒီခေတ်မှာ လူဖြူ လူမည်း ခွဲခြားမှုဟာ ခေတ်မမီတော့ပါဘူး''ဟု အတိအကျ ပိုင်ပိုင်နိုင်နိုင်ဖြေကြား ခဲ့ရာ လူဖြူအမေရိကန်ဖြစ်သော ရုပ်သံလွှင့်သတင်းထောက်မှာ ဘာမှ ပြန်မပြောနိုင်အောင် ဖြစ်သွားခဲ့ရသည်။

❐

## အစက်ကလေး တစ်စက်ရဲ့အရေးကြီးပုံ

ကမ္ဘာ့ထိပ်တန်း တွေးခေါ် ပညာရှင်ကြီးတစ်ဦးဖြစ်၍ လူသားများအား ရုပ်ပိုင်းဆိုင်ရာ ဆန်းကြယ်မှုများအတွင်းသို့ နက်ရှိုင်းစွာ ပို့ဆောင်ပေးခဲ့သော အဲလ်ဘတ် အိုင်းစတိုင်းသည်တစ်ခါက ကမ္ဘာ့ သိပ္ပံပညာရှင်ကြီးများ၏ အစည်းအဝေးတစ်ခုသို့ တက်ရောက်ခဲ့ရ သည်။ သူသည် မူလကပင် စကားနည်းသူ ဖြစ်၍ အစည်းအဝေးတွင် စကားတစ်လုံးမှမပြော ဘဲ ငြိမ်နေခဲ့သည်။ ထိုအခိုက် သွက်လက်တက်ကြွသော လူငယ် သိပ္ပံပညာရှင်ကြီး တစ်ဦးက ပရိသတ်အလယ်တွင်ထည်ထည်ဝါဝါ



ရပ်၍ ''နက္ခတ္တဗေဒပညာရှင်တစ်ယောက်ဟာ တကယ်ဆိုတော့ ဒီ စကြဝဠာကြီး အတွင်းမှာ ဘာမှ မထူးဆန်းပါဘူး။ အစက်ကလေး တစ်စက်လောက်ပဲ ရှိပါတယ်''ဟု ထပြောလိုက်သည်။

mgyoe.com

mgyoe.com


ဤတွင် တစ်လျှောက်လုံး စကားမပြောဘဲ ငြိမ်နေခဲ့သော အိုင်းစတိုင်းသည် ထိုင်ရာမှ ရုတ်တရက်ထ၍ "ကျွန်တော်လည်း မကြာခဏ ဒီလိုပဲယူဆခဲ့ပါတယ်။ ဒါပေမဲ့ အလေးအနက် ပြန်စဉ်းစားကြည့်လိုက်တဲ့ အခါကျတော့ အဲဒီလိုထူးခြားတဲ့ အစက်အပြောက်ကလေးဟာ စကြဝဠာကြီးအတွင်းမှာ အင်မတန်ဆန်းကြယ်တဲ့ သိပ္ပံပညာနက္ခတ္တပညာရှင် တစ်ဦး ဖြစ်နေတာ တွေ့ရပါတယ်" ဟု ပြန်ပြောလိုက်ရာ စောစောက သိပ္ပံပညာရှင်ကလေးနှင့်တကွ တက်ရောက်လာကြသည့် သိပ္ပံပညာရှင် အားလုံး ငြိမ်ကျသွားခဲ့ကြသည်။

❐

## သမီးက ဖုန်းဆက်လို့ပါ



တစ်ခါက အမေရိကန်သမ္မတ နစ်ဆင်၏ အတွင်းရေး အတွင်းဝန် တစ်ယောက်သည် နစ်ဆင်၏ အလုပ်မနားတမ်း လုပ်တတ်ပုံများကို "နယူးယောက်တိုင်း" သတင်းစာကြီးတွင် ရေးသား ဖော်ပြခဲ့သည်။

တစ်ညတွင် ည (၁၀) နာရီခွဲကျော်အထိ သူသည် သမ္မတ နစ်ဆင်၏ ရုံးခန်းထဲတွင် အလုပ်လုပ်နေခဲ့ရသည်။ ရှေးဦးစွာ သူသည် နစ်ဆင်၏အမိန့်အရ အမေရိကန်စီးပွားရေး လုပ်ငန်းရှင်များ၏ လိပ်စာ များကို ရှာဖွေပေးခဲ့ရသည်။ ဤအတောအတွင်း တယ်လီဖုန်းမြည်လာ သဖြင့် နစ်ဆင်သည် ဖုန်းစကားပြောခွက်ကိုကိုင်ကာ စကားပြောနေခဲ့

mgyoe.com

mgyoe.com

သည်။ နစ်ဆင်သည် တယ်လီဖုန်းထဲမှနေ၍ (၁၀) မိနစ်ခန့် ကြာသည် အထိ လက်တင်အမေရိကတိုက်အကြောင်းကို စီကာပတ်ကုံး အသေးစိတ် ပြောပြခဲ့ရာ အထူးသဖြင့် ဘရာဇီးအတွင်းဝန်သည် ညကြီးမင်းကြီး လက်တင် အမေရိကတိုက် အကြောင်းကို (၁၀) မိနစ်ကျော်ကျော် 'လက်ချာ' ရိုက်နေသော သမ္မတနစ်ဆင်အား ကြည့်ကာ "အခု သမ္မတ ကြီး ဘယ်သူနဲ့ စကားပြောနေတာလဲ ဝန်ကြီး၊ မစ္စတာရော်ဂျာနဲ့လား။ ဒါမှမဟုတ် မစ္စတာကစ်ဆင်ဂျာနဲ့လား"ဟု မေးလိုက်သည်။

ဤတွင် သမ္မတနစ်ဆင်က ပြုံးလိုက်ပြီး "ဘယ်သူနဲ့မှ မဟုတ်ပါ ဘူးကွာ၊ ငါ့သမီး ဂျူလီနဲ့ပြောနေတာပါ။ ဂျူလီဟာ အခု ဘရာဇီးနိုင်ငံ မှာ ဘရာဇီးအသံလွှင့်ဌာနနဲ့ အင်တာဗျူးလုပ်ဖို့ သူ့ကို လက်တင်အမေရိက နိုင်ငံတွေအကြောင်း ပြောပြနေတာပါ"ဟု ပြန်ပြောလိုက်သည်။ ဤမျှ အလုပ်များပြားသည့်အထဲမှ သမီးဖြစ်သူ၏ အင်တာဗျူးအတွက် အချိန် ယူ၍ 'လက်ချာ' ရိုက်နေနိုင်သည့် နစ်ဆင်အား သူ၏ အတွင်းရေး အတွင်းဝန်က ချီးကျူး၍ မဆုံးအောင် ဖြစ်နေခဲ့သည်။

❑

## အကောင်းဆုံး အကူအညီ

ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီး၏ အနုမြူထိန်းချုပ်မှုကို စတင် တီထွင်ခဲ့သည့် အနှစ် (၂၀) မြောက် အထိမ်းအမှတ် အခမ်းအနားကို အမေရိကန်ပြည်ထောင်စု အိုင်ဝိုးဝါးပြည်နယ်၌ ကျင်းပခဲ့ရာ သိပ္ပံပညာရှင် ကြီး အင်ရီကို၏ဇနီးဖြစ်သူလည်း အထူးဧည့်သည်အဖြစ် တက်ရောက်ခွင့် ရခဲ့သည်။ ထိုအထိမ်းအမှတ် အခမ်းအနားတွင် သိပ္ပံပညာရှင်ကြီး၏ အနုမြူထိန်းချုပ်မှု စွမ်းအားကို အားလုံးက ဝိုင်းဝန်းချီးကျူးစကား ပြော

mgyoe.com

ကြားခဲ့သည်။

ထိုသို့ မိန့်ခွန်းစကား ပြောကြားသည့် အစီအစဉ် ပြုလုပ်ခဲ့ရာ ဧည့်သည်တော်များက တစ်ယောက်တစ်ခွန်း အပြန်အလှန်မေးမြန်း ပြောကြားခဲ့ကြသည်။ ဤတွင် သိပ္ပံပညာရှင်ကြီးတစ်ဦး၏ အနုမြူဗုံးအား ထိန်းချုပ်ရေး ပါရဂူကြီးအင်ရီကိုဖာ၏ ဇနီးဖြစ်သူအား "ခင်ဗျားယောက်ျားရဲ့ သိပ္ပံပညာနဲ့ ပတ်သက်လို့ ဘယ်လောက်ထိတောင်များ အကူအညီပေးခဲ့ပါသလဲ" ဟူ၍ မေးလိုက်သည်။

ဤတွင် အင်ရီကိုဖာ၏ဇနီးဖြစ်သူ၏ ရိုးသားပွင့်လင်းသော အဖြေကြောင့် ပရိသတ်အားလုံး တဝါးဝါးဖြင့် ပွဲကျသွားခဲ့ကြသည်။ သူမက ပြောကြားလိုက်သည်မှာ-

"ကျွန်မရဲ့ အကောင်းဆုံးအကူအညီကတော့ သိပ္ပံပညာစမ်းသပ်မှုတွေ သူလုပ်ကိုင်နေချိန်မှာ ကျွန်မဟာ သူ့အနားကို လုံးဝမသွားဘဲ ဘာမေးခွန်းမှမမေးဘဲ နေခဲ့တာပါပဲ"

ဟု ပြောကြားလိုက်သောကြောင့် ဖြစ်၏။

□

## ရွေးကောက်ပွဲအောင်မြင်သူ

အမေရိကန်အစိုးရအဖွဲ့တွင် အာပေါင်အာရင်းသန်သန်ဖြင့် ကွန်မြူနစ်ဝါဒကို အပြင်းအထန်ပုတ်ခတ်သူ လွှတ်တော်အမတ် ယူဂျင်မက္ကာသီသည် အမေရိကန်ပြန်ထောင်စုတွင် အထူးပင်နာမည်ကြီး၍ ထင်ရှားခဲ့သည်။ ဤအချက်နှင့်ပတ်သက်၍ အမေရိကန်ပြည်သူတို့အကြားတွင် ပုံပြင်မက ပြောစရာတစ်ခု ဖြစ်ခဲ့သည်။

ဖြစ်ပုံမှာ ရွေးကောက်ပွဲတွင် သူ့အကြိုမဲဆွယ်သည့်တရားပွဲမှာ မက္ကာသီ၏ဇနီးနှင့် သမီးဖြစ်သူတို့သည် အမြဲတမ်းလိုက်ပါ အားပေးခဲ့

mgyoe.com

mgyoe.com


ကြသည်။ အထူးသဖြင့် သမီးဖြစ်သူမှာ ငယ်ရွယ်ချောမောလှပသူကလေး ဖြစ်ရာ မဲဆန္ဒရှင်များသည် မက္ကာသီ၏သမီးကို မြင်လိုကြည့်လိုကြသဖြင့် တရားပွဲတိုင်းမှာ အထူးပင်လူစည်ကားခဲ့သည်။

တစ်နေ့တွင် ကိုလံဘီယာတက္ကသိုလ်တွင် ရွေးကောက်မဲဆွယ် တရားပွဲကျင်းပခဲ့ရာ၌ ကျောင်းသားများနှင့် အရပ်သားများပါ အင်တိုက် အားတိုက် လာရောက်အားပေးကြသဖြင့် ကျောင်းဝန်းတစ်ခုလုံး ပရိသတ် များ ပြည့်ကျပ်နေခဲ့သည်။ ထိုအခိုက် မက္ကာသီ၏ဇနီးဖြစ်သူသည် ထိုင်ရာ မှထ၍ ပရိသတ်အား စကားတစ်ခွန်းပြောလိုက်ရာ တဝါးဝါးဖြစ်သွားခဲ့ ကြသည်။ မက္ကာသီ၏ဇနီးပြောလိုက်သည့် စကားမှာ-

"ကျွန်မတို့သားအမိဟာ မစ္စတာမက္ကာသီရဲ့ မဲဆွယ်တဲ့တရားပွဲ တွေကို အမြဲတမ်းလိုက်ပြီး အားပေးခဲ့ကြပါတယ်။ ဒီလိုအားပေးကြရာမှာ အခု ပရိသတ်ကြီးမြင်တဲ့အတိုင်း ကျွန်မအဘေးကထိုင်နေတဲ့ ကျွန်မသမီးရဲ့ ဂါဝန်ဟာ ကျွန်မဝတ်ထားတဲ့ ဂါဝန်ထက် လေးလက်မ ငါးလက်မ လောက် တိုနေတာတွေ့ကြပါလိမ့်မယ်။ မစ္စတာမက္ကာသီရဲ့တရားပွဲတွေ အောင်မြင်ပြီး လူစည်ကားတာ ဒါကြောင့်ပါပဲ"

ဟူ၍ပြောလိုက်ရာ ပရိသတ်များက သဘောကျလွန်း၍ တစ်ခဲ နက် ဩဘာပေးခဲ့ကြ၏။

❒

## ကျွန်တော့်ဆိုင်က ဖိနပ်တစ်ရန်လောက် ဝယ်စီးပါလား

မစ္စတာရျေစီပင်နီသည် နယူးယောက်မြို့တော်မှ စတိုးဆိုင်ကြီး တစ်ဆိုင်ကိုပိုင်ဆိုင်သူတစ်ဦးဖြစ်၍ စီးပွားရေးလုပ်ငန်းကို အထူး ဝါသနာ ပါသူ တစ်ဦးဖြစ်၏။ သူသည် တစ်နေ့တွင် စီးပွားရေးအရ အခြားမြို့ကြီး များမှ စတိုးဆိုင်ကြီးများ၏ ရောင်းပုံဝယ်ပုံများကို လေ့လာရန် ခရီး

mgyoe.com

mgyoe.com


ထွက်ခဲ့ရာမှ ကိုလံဘီယာမြို့တော် စတိုးဆိုင်ကြီး တစ်ဆိုင်သို့ ရောက်ရှိသွားခဲ့သည်။

မစ္စတာပင်နီသည် အဆိုပါစတိုးဆိုင်ကြီးတွင် ဝယ်သူများတန်းစီ၍ အသုံးအဆောင်ပစ္စည်းများ ဝယ်နေကြပုံများကို (၂) နာရီ၊ (၃) နာရီကြာမျှ မတ်တတ်ရပ်၍ စောင့်ကြည့်လေ့လာနေခဲ့သည်။ ဤတွင် စတိုင်းဆိုင်မှ အရောင်းစာရေးမလေး တစ်ယောက်သည် မစ္စတာပင်နီအား မြင်လိုက်၍ မှတ်မိသွားပြီး လက်ဆွဲနှုတ်ဆက်ကာ လောကွတ်စကားပြောခဲ့သည်။

"မစ္စတာပင်နီ၊ ရှင် ဒီနေရာမှာ နှစ်နာရီ သုံးနာရီလောက်ကြာအောင် ဝယ်သူတွေကို ရပ်ကြည့်နေတာ ကျွန်မ သတိထားမိပါတယ်။ တကယ်လို့ ကျွန်မသာ ဒီလိုအကြာကြီး ရပ်နေရမယ်ဆိုရင် ခြေထောက်တွေ တောင့်ပြီး ကျွန်မဖိနပ်တောင် စီးလို့ရမှာမဟုတ်တော့ပါဘူး"

ဟု ပြောလိုက်သည်။

ဤတွင် စီးပွားရေးပါရဂူကြီး မစ္စတာပင်နီက အဆိုပါအမျိုးသမီးအား ဤသို့ပြန်ပြောလိုက်သည်။

"မဒမ်ခင်ဗျား၊ အဲဒီလိုဆိုရင် ခင်ဗျားစီးထားတဲ့ဖိနပ်ဟာ ခင်ဗျားနဲ့ အံကျမဖြစ်ဘဲ ကျပ်နေလို့ဖြစ်ပါလိမ့်မယ်။ ကျေးဇူးပြုပြီး ကျွန်တော့်ဆိုင်က ဖိနပ်တစ်ရန်လောက် ဝယ်စီးလိုက်ရင် အဆင်ပြေသွားပါလိမ့်မယ်"

ဟု ပြောလိုက်ရာ အမျိုးသမီးမှာ ငြိမ်ကျသွားခဲ့သည်။

❐

## ရေမရောရင် အသေစောမှာပေါ့

ဝါရှင်တန်တွင် အမေရိကန်နိုင်ငံခြားရေးဌာန၌ အမှုထမ်းခဲ့ဖူးသော အဟုဂစ်ဆင်သည် ထိုစဉ်က သူ့အတွေ့အကြုံကို အောက်ပါအတိုင်း ပြောပြခဲ့ဖူးသည်။

mgyoe.com

mgyoe.com


"အဲဒီတုန်းက ကျွန်တော်တို့ နိုင်ငံခြားရေးဌာနက ဝန်ထမ်းတွေ အားလုံး ညနေအလုပ်ဆင်းရင် ကလပ်ကို 'မာတီနီ' အရက်တစ်ခွက် တစ်ဖလား သွားသောက်လေ့ရှိကြပါတယ်။ အဲဒီမှာ အရာရှိအတော် များများဟာ မာတီနီအရက်ကို တစ်ညနေလုံး တစ်ခွက်ပြီး တစ်ခွက် မနားတမ်းသောက်ကြတာပါပဲ။ ကျွန်တော်ကတော့ ရာထူးတာဝန်လည်း ရှိ၊ အသက်ကလည်းကြီးနေတော့ သူတို့လိုမသောက်ဘဲ အကြံအဖန်လုပ် ပြီး ထိန်းထိန်းသိမ်းသိမ်း သောက်လေ့ရှိပါတယ်။ အကြံအဖန်လုပ်တယ် ဆိုတာက အရက်ထည့်ပေးတဲ့ စားပွဲထိုးကို ပထမဆုံးတစ်ခွက်ပဲ အရက် ထည့်ခိုင်းပြီး နောက်ထပ်ထည့်တဲ့ ဖန်ခွက်ထဲကျတော့ အရက်လုံးဝမထည့် ဘဲ ရေချည်းသက်သက် ထည့်ခိုင်းထားပါတယ်။ ဒါပေမဲ့ ဘေးက သောက်ဖော်စားဖက် အပေါင်းအသင်းတွေ မရိပ်မိအောင် အဲဒီရေထည့် ထားတဲ့ ဖန်ခွက်ထဲမှာ ထင်ယောင်ထင်မှားဖြစ်အောင် ကြက်သွန်ဥကလေး တစ်ခြမ်းကို စိတ်ပြီးထည့်ခိုင်းထားပါတယ်။

"ဒါပေမဲ့ မကြာခင် အပေါင်းအသင်းတွေက ကျွန်တော်ဟာ အရက်မသောက်ဘဲ ရေကို အရက်ဟန်ဆောင်ပြီး သောက်နေတယ်ဆိုတာ ရိပ်မိသွားကြပါတယ်။ ဒီတော့မှ အားလုံးကဝိုင်းပြီး သူတို့လိုပဲ မူးအောင် သောက်ရမယ်လို့ ဝိုင်းပြောလာကြပါတယ်။ ဒါနဲ့ ကျွန်တော် မတတ် နိုင်တော့ဘဲ စားပွဲထိုးကို ဂျင်တစ်ခွက်အပြည့်ထည့်လာဖို့ ပြောလိုက်ရပါ တယ်။ ဒါပေမဲ့ စားပွဲထိုးရဲဘော်လေးက ကျွန်တော်နဲ့ ကြိုပြီးစည်းဝါးရိုက် ထားတဲ့အတိုင်းပင် အရက်ကိုတစ်ဝက်မရှိတရှိလောက်ပဲ ထည့်လာပြီး အပေါ်က ရေအပြည့်ရောလာခဲ့ပါတယ်။ ခါတိုင်းလို ကြက်သွန်ဥကလေး တစ်ခြမ်းကိုစိတ်ပြီး ထည့်လာခဲ့ပါသေးတယ်။ ဒီလိုနဲ့ အဲဒီညက ကလပ် မှာ ကျွန်တော်ဟာ လေးပက် ငါးပက်လောက်သောက်ခဲ့ရာမှ ဂျင်အရက် အစစ်က တစ်ဝက်လောက်ပဲ ရှိပါလိမ့်မယ်။ ကျန်တာတွေကတော့

mgyoe.com

mgyoe.com


အားလုံးရေတွေချည်းပါပဲ။ ဘယ့်နှယ်ဗျာ၊ သူတို့လိုလူငယ်တွေနဲ့ ပြိုင်သောက်တဲ့အခါမျိုးမှာ ရေမရောရင် အသေစောတော့မှာပေါ့'' ဟူ၍ ဂစ်ဆင်က ဟာသနှော၍ ပြောပြခဲ့ဖူးသည်။

❒

## ပွဲခပေးရဦးမှာလား

ကမ္ဘာကျော် အမ်ဂျီအမ်ရုပ်ရှင်ကုမ္ပဏီမှ တာဝန်ခံအဖွဲ့ဝင်လူကြီးတစ်ဦးသည် သူတို့ကုမ္ပဏီမှ စာရေးဆရာ ဂျိမ်းစ်ဘာသာ၏ ဝတ္ထုဇာတ်လမ်း တစ်ပုဒ်ကို ဝယ်ယူလိုကြောင်း တယ်လီဖုန်းဖြင့် စုံစမ်းသဖြင့် စာရေးဆရာရှိရာသို့ ဖုန်းဆက်၍ ထိုဝတ္ထုဇာတ်လမ်းကို ရောင်း မရောင်း၊ ရောင်းလျှင် မည်မျှဈေးပေးရမည်ဖြစ်ကြောင်း မေးမြန်းကြည့်ခဲ့သည်။ ဤတွင် စာရေးဆရာကမဆိုင်းမတွပင်''ဒေါ်လာတစ်သိန်း (၁၀၀, ၀၀၀) ရရင် ရောင်းမယ်ဟု ပြောလိုက်သည်။ ကုမ္ပဏီမှ တာဝန်ခံကလည်း ''ကောင်းပါပြီ''ဟု ပြောကာ တယ်လီဖုန်းကို ပြန်ချတော့မည့် ဆဲဆဲ စာရေးဆရာက ''ဟေ့လူ ခဏနေပါဦး။ အဲဒီ ဝတ္ထုရောင်းရတဲ့ ငွေထဲက ပွဲခပေးရဦးမှာလား''ဟု ပျာယီးပျာယာ ပြန်မေးလိုက်ရသည်။

❒

## လက်ဝှေ့သမားနှင့် ဘာသာစကား

ကမ္ဘာကျော် လက်ဝှေ့ချန်ပီယံ ရူးဂါးရေးသည် ငယ်စဉ်က အတော်ပင်ဆင်းရဲခဲ့သည်ဟု သိရသည်။ သူ၏ပြောပြချက်အရ ''လူတွေ တော်တော်များများက ကျွန်တော်ဟာ လူလတ်တန်းစား မိဘနှစ်ပါးက မွေးလာခဲ့တယ်လို့ပဲ ထင်နေကြတယ်။ ဒါပေမဲ့ လုံးဝ မဟုတ်ပါဘူး။

mgyoe.com

mgyoe.com


တကယ်တော့ ကျွန်တော်ဟာ အောက်ခြေက တက်လာခဲ့ရတာပါ။ ပြီးတော့ ခင်ဗျား အခုပြောသလို ကျွန်တော့်ပတ်ဝန်းကျင် အိမ်နီးချင်းတွေဟာလည်း လူချမ်းသာတွေလို့ပဲ ထင်နေကြပါတယ်''ဟု သူက ဖွင့်ဟဝန်ခံခဲ့သည်။

တကယ်တော့ ရှူးဂါးရေးသည် အထက်တန်းပညာကိုသာ သင်ကြားခဲ့ဖူးသူဖြစ်၍ ကိုယ်ထူကိုယ်ထ ကိုယ့်အားကိုယ်ကိုးလာခဲ့ရသူ ဖြစ်သည်။ ''အထူးသဖြင့် ကျွန်တော်ဟာ ဘာသာစကားပြောရာမှာ သဒ္ဒါနည်းကျကျနဲ့ အသံထွက်မှန်အောင် ပြောတတ်ဖို့ မှန်ရှေ့မှာတောင် စကားပြော လေ့ကျင့်ခဲ့ရပါတယ်။ ဒီလိုနဲ့ ကျွန်တော်ဟာ လမ်းဘေးက ဘာညာကွိကွ သာမန်လူတွေပြောတဲ့ ဘန်းစကားတွေကိုရှောင်ရှားပြီး ခန့်ခန့်ညားညား စကားတွေ ပြောတတ်လာခဲ့ပါတယ်။ တကယ်လို့သာ ကျွန်တော်ဟာ လက်ဖွေ့သမားတစ်ယောက် မဖြစ်ဘူးဆိုရင် ဘာသာဗေဒပါမောက္ခတစ်ယောက် ဖြစ်လာမှာသေချာပါတယ်''ဟု သူ့ကိုယ်သူ တစ်ခါက ဝေဖန်သုံးသပ်ခဲ့ဖူးသည်။

❐

## ထူးဆန်းသော အထက်လွှတ်တော်အမတ်

တစ်ခါက အမေရိကန်အစိုးရအဖွဲ့ဝင် ထင်ရှားကျော်ကြားခဲ့သော ဟူဘက်ဟမ်းဖရေးသည် အသက်အန္တရာယ်ကို စိုးရိမ်ရလောက်အောင် ကင်ဆာရောဂါ ဖြစ်ပွားလာသဖြင့် ဆလုန်းအမှတ်တရ ကင်ဆာဆေးရုံတွင် တက်ရောက်ကုသခဲ့သည်။ ဟမ်းဖရေးသည် စိတ်ဓာတ်ပြင်းထန်သူတစ်ယောက်ဖြစ်ရာ သူနှင့်ပတ်သက်၍ ထိုဆေးရုံမှ ဆရာဝန် လူးဝစ္စသောမတ်စ် ဆိုသူက ဤသို့ပြောပြဖူးသည်။ သူသည် ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ သူထင်ရာ သူလုပ်တတ်သူဖြစ်သည်။ သူနေရသည့်လူနာ

mgyoe.com

mgyoe.com


ဆောင်တွင် ကင်ဆာရောဂါလူနာပေါင်း (၄၀) ခန့် ရှိနေခဲ့ရာ ဟမ်းဖရေး သည် ထိုလူနာများအားလုံးအတွက် ပြောစရာရှိလျှင် ဆေးရုံဆရာဝန်များ အား ပွင့်ပွင့်လင်းလင်း ပြောတတ်သူဖြစ်သည်။

ဟမ်းဖရေးသည် ထိုလူနာများအားလုံးကို စုရုံးခေါ်ယူ၍ အခြား အဆောင်များမှလူနာများအား နေ့စဉ်လိုလို သွားရောက် ကြည့်ရှု အားပေး လေ့ရှိသည်။ ထိုသို့ လူနာဆောင်များကို လှည့်လည် သွားလာရာတွင် သူသည် လူနာများဝတ်လေ့ရှိသည့် အင်္ကျီဝတ်စုံအဖြူကြီးကို ဝတ်၍ ညှပ်ဖိနပ်ကို စီးသွားလေ့ရှိသည်။ နောက်ဆုံး၌ ဟမ်းဖရေးနှင့် အဖွဲ့သည် သူနာပြုအမျိုးသမီးများအခန်းသို့ သွားရောက်၍ ရယ်စရာ မောစရာများကို တသောသော ပြောလေ့ရှိရာ ဆေးရုံတစ်ရုံလုံးက ဟမ်းဖရေးတို့အဖွဲ့အား သဘောကျနေကြသည်။

တစ်နေ့တွင် သူသည် ဂါရယ်ဖို့ဒ် (နောင်တွင် သမ္မတဖြစ်လာမည့် သူ) အား သွားရောက်တွေ့ဆုံ၍ သူ့ကိုယ်သူမိတ်ဆက်ကာ စကားတွေ ဖောင်လောက်အောင် ပြောနေခဲ့သည်။ ဖို့ဒ်သည် ဟမ်းဖရေးတို့ လူစု ပြောသမျှကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ရင်း အဆိုပါကင်ဆာ ရောဂါ ဝေဒနာရှင်များ၏ ရွှင်ပျသောမျက်နှာများကို ကြည့်ကာ တအံ့ တသြဖြစ်နေခဲ့သည်။

❒

## ပတ်ဝန်းကျင်ကို အလိုမလိုက်ပါနဲ့ ဒါပေမဲ့

အထက်လွှတ်တော် ဆီနိတ်ကာအမတ်ဟောင်း ယာယာကာ့ဂါ (၇၈) နှစ်သည့် တက္ကသိုလ်တစ်ခုတွင် ပါမောက္ခတစ်ဦးအဖြစ် အလုပ်လုပ် နေသည့်ပြင် ဘာသာဗေဒကျွမ်းကျင်သူ တစ်ဦးဖြစ်ပါသည်။ တစ်ခါတွင်

mgyoe.com

mgyoe.com


သူက သူဖြတ်သန်းလာခဲ့ရသည့် ဘဝအတွေ့အကြုံများကို အောက်ပါအတိုင်း ပြောပြခဲ့သည်။

"ခင်ဗျားအတွက် အရေးကြီးတာက ပတ်ဝန်းကျင်ဆွဲဆောင်ရာနောက်ကို လိုက်မသွားမိဖို့ဘဲ။ ကျွန်တော်ဆိုလိုတာက လူတစ်ယောက်ယောက်က ခင်ဗျားကို လက်ဖက်ရည်ပွဲ သွားကြည့်ရအောင် လာခေါ်ရင် ခင်ဗျား ပြန်ပြောလိုက်ရမှာက ဒီလိုလူလူချင်း အပြန်အလှန် ထိုးတတ်တဲ့ ပွဲမျိုးတွေကိုကြည့်ဖို့ ကျွန်တော် ဝါသနာမပါဘူး"လို့ ပြန်ပြောလိုက်ရမယ်။ ဒါမှမဟုတ်ရင်လည်း "ကျွန်တော်ဟာ စာရင်းအင်းဘက်မှာလည်း ဝါသနာမပါဘူး။ ကျွန်တော် ဝါသနာပါတာ ဂီတပဲလို့ ပြန်ပြောလိုက်ရမယ်။ အရေးကြီးတာက ခင်ဗျားပတ်ဝန်းကျင်မှာ ဘာတွေဖြစ်နေတယ်ဆိုတာ သဘောလောက်သိခဲ့ရင် လုံလောက်ပါတယ်"

"ကျွန်တော် အထက်လွှတ်တော်အမတ်အဖြစ်နဲ့ အရွေးခံရတဲ့အချိန်မှာ ဒစ္စကိုအကတွေ အရမ်းခေတ်စားနေတဲ့ အချိန်ပေါ့" ကျွန်တော်က ဒါမျိုးတွေ ဝါသနာမပါဘူး"လို့ ပြောထားရတယ်။ ဒီလိုဒစ္စကိုအကတွေ ကျွန်တော် မကတတ်ဘူး"လို့ အပြတ်ပြောလိုက်တော့ ကျွန်တော့်ရုံးက စာရေးမလေးတွေက ဝိုင်းလာပြီး "ကျွန်မတို့နဲ့အတူ လိုက်ခဲ့ပါ။ ကျွန်မတို့ သင်ပေးပါမယ်"လို့ ပြောကြတယ်။ ဒီလိုနဲ့ ကျွန်တော်ဟာ သူတို့နဲ့လိုက်သွားပြီး ဒစ္စကိုအကသင်ရင်းနဲ့ သဘောကျလာပြီး တော်တော်လေး ကတတ်လာတယ်။ တကယ်တော့လည်း ကိုယ့်ပတ်ဝန်းကျင်သဘာဝကိုဖောက်ထွက်ပြီး လူသစ်စိတ်သစ်နဲ့ နေရထိုင်ရတာ ဘဝမှာ ပျော်စရာကောင်းပြီး အားအင်သစ်တွေတိုးလာတာ အမှန်ပဲဗျ"ဟု ဆီနိတ်ကာ အမတ်ဟောင်း (၇၈) နှစ် ရှိနေပြီဖြစ်သော ယာယာကာဂါက စိတ်အားထက်သန်စွာ ပြောပြခဲ့ဖူးသည်။

❒

mgyoe.com

mgyoe.com


# ရာသက်ပန် ရိုးမြေကျ

ရုပ်ရှင်သရုပ်ဆောင်မင်းသား ဟပူးမ်ကရိုနင်နှင့် မင်းသမီးကြီး ဂျက်စီဝေါတန်စီတို့သည် အိမ်ထောင်သက် ကြာရှည်လှသဖြင့် အားလုံးကပင် အံ့သြချီးကျူးခဲ့ကြသည်။ သူတို့၏အိမ်ထောင်သက်မှာ နှစ်ပေါင်း (၅၀) ကျော်ခဲ့ပြီဖြစ်၍ သားသမီးမွေးဖွားဘဲ လင်မယားနှစ်ယောက်တည်း မပျင်းမရိ မငြီးမငွေ့ဘဲ ပျော်ပျော်ရွှင်ရွှင် ပေါင်းသင်းလာခဲ့ကြသည်။ "ကျွန်မတို့နှစ်ယောက်ဟာ စားပွဲတစ်လုံးတည်းမှာ နှစ်ယောက်အတူထိုင်ပြီး အလုပ်လုပ်လာခဲ့ကြ၍ အင်မတန်ကျေနပ်စရာ ကောင်းပါတယ်။ အဲဒီလို အလုပ်လုပ်ရာမှာ တစ်ယောက်ရဲ့အကြံဉာဏ်ထဲ တစ်ယောက်ဝင်နေရသလို အင်မတန်နွေးထွေးပြီး စိတ်ချမ်းသာစရာကောင်းပါတယ်။ တစ်ခါတလေ ကျွန်မယောက်ျားက "ငါ အပြင် ဟိုတယ်တစ်ခုမှာ တစ်ပတ်လောက်သွားနေလိုက်ဦးမယ်"လို့ ပြောလာခဲ့ရင်လည်း ကျွန်မက "ကောင်းသားပဲ၊ သွားပေါ့"လို့ပဲ ပြောလိုက်ပါတယ်။ "ဒါဟာ တကယ်တော့ ကျွန်မအတွက် အခိုက်အတန့် စိတ်အေးလက်အေးနားအေးပါးအေးနေဖို့ လုပ်ပေးလိုက်သလိုပါပဲ။ ဟိုတယ်က ပြန်လာတော့လည်း နှစ်ယောက်သား အရင်ကလို ချစ်ချစ်ခင်ခင် နေလိုက်ကြတာပါပဲ"ဟု ဇနီးဖြစ်သူ ဂျက်စီကာက ပြောပြခဲ့သည်။

အမှန်စင်စစ် သူတို့ဇနီးမောင်နှံ ရာသက်ပန်မကွဲမကွာ မခွာမပြဲဘဲ နေထိုင်ကြသည်မှာ တစ်ဦးအပေါ်တစ်ဦး ယုံကြည်စိတ်ချမှု၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်ခံစားမှုများ ရှိနေကြသောကြောင့် ဖြစ်၏။

"တကယ်တော့ ကျွန်မတို့ဇနီးမောင်နှံဟာ တစ်ယောက်နဲ့ တစ်ယောက် မေတ္တာမျှခဲ့ကြတာဟာ အင်မတန်ကံကောင်းတယ်လို့ ဆိုရမှာပါပဲ။ ရာသက်ပန်ရိုးမြေကျ ပေါင်းပါမယ်ဆိုတာ ဒါမျိုးကိုဆိုလိုတာပါ

mgyoe.com

mgyoe.com


ပဲ''ဟု သူတို့နှစ်ယောက်စလုံးက အားရကျေနပ်စွာ ပြောပြလေ့ရှိကြသည်မှာ အတုယူစရာ အားကျစရာပင်။

❒

## ချောင်းဆိုးပျောက်ဆေးနဲ့ သွားကြားထိုးတံ

တစ်နေ့သ၌ လူတစ်ယောက်သည် ဆေးဆိုင်တစ်ဆိုင်အတွင်းသို့ ဝင်သွားပြီး သူလိုချင်သောပစ္စည်းကို ဆိုင်ရှင်အား ပြောပြခဲ့သည်။ သို့သော် သူ့မှာ တအားချောင်းဆိုးနေသဖြင့် သူပြောသည့်ဆေးအမည်ကို ဆိုင်ရှင်က နားမလည်နိုင်အောင် ဖြစ်နေသည်။ ထိုလူက ချောင်းဆိုးနေသည့်ကြားမှ သူလိုချင်သောဆေးကို နှစ်ကြိမ် သုံးကြိမ် ပြောသော်လည်း ဆိုင်ရှင်မှာ နားမလည်သဖြင့် အခက်တွေ့နေရသည်။

နောက်ဆုံးတွင် ဆိုင်ရှင်က ထိုလူအား-

''ခင်ဗျား ခဏစောင့်ပါဦး''

ဟုပြောဆိုကာ နောက်ဖေးခန်းထဲသို့ဝင်သွားပြီး ဖန်ခွက်တစ်ခွက်တွင် အနီရောင်ဆိုးထားသော ရေတစ်ခွက်ယူလာ၍

''ကဲ... ဒါလေးကို ခင်ဗျားသောက်ကြည့်လိုက်ပါဦး''

ပြောလိုက်ရာ ဆေးဝယ်သူကလည်း မငြင်းဆန်ဘဲ တစ်ခွက်လုံး မော့သောက်ချလိုက်၏။

''ဒီဖန်ခွက်ထဲက ဆေးကိုသောက်ပြီး ခင်ဗျား ဘယ်လိုနေသေးလဲ''

ဟု မေးလိုက်ရာ ဆေးဝယ်သူက ''အတော်သက်သာသွားပါပြီ''

ဟု ပြန်ပြောလိုက်သည်။

ဤတွင်မှ ဆိုင်ရှင်က-

''ခင်ဗျား စောစောကဝယ်ချင်တဲ့ဆေးက ဘာဆေးလဲ''

mgyoe.com

mgyoe.com


ဟု မေးလိုက်ရာ ဆေးဝယ်သူက–

"ကျွန်တော်လိုချင်တာက သွားကြားထိုးတံ လိုချင်လို့ပါ"ဟု ပြန်ပြောလိုက်ရာ ဆိုင်ရှင်မှာ "သေပဟဲ့... နိဗ္ဗာနီယ" ဟု အော်လိုက်မိသည်။

❒

## ဆိုဖီယာနဲ့ မလဲနိုင်သူ

ရုပ်ရှင်ရုံအတွင်း၌ အတူယှဉ်တွဲ၍ လင်မယားနှစ်ယောက် ရုပ်ရှင်ကြည့်နေကြသည်။ သူတို့ကြည့်နေကြသော ဇာတ်ကားမှ မင်းသမီးမှာ ကမ္ဘာကျော်မင်းသမီးချော ဆိုဖီယာလော့ရင်း ဖြစ်သည်။ ထုံးစံအတိုင်း ဆိုဖီယာသည် သူ၏မက်မောဖွယ်ရာ ကိုယ်လုံးကိုယ်ပေါက်နှင့် ညှို့ဓာတ်အပြည့်ပါသော မျက်လုံးကြီးများဖြင့် ပရိသတ်အား ညှို့ယူဖမ်းစားလျက်ရှိသည်။ လင်ယောကျ်ားဖြစ်သူသည် ဆိုဖီယာ၏ဆွဲဆောင်မှုများကို မျက်တောင် မခတ်ဘဲ မျက်လုံးကျွတ်ကျမတတ် စိတ်ဝင်တစားကြည့်နေခဲ့သည်။

ဤတွင် သူ့ဘေးမှထိုင်၍ ဆိုဖီယာအား အငန်းကြီးငန်းနေသော သူ့ယောကျ်ားအား တစ်ချိန်လုံးစိုက်ကြည့်နေသော ဇနီးသည်ဖြစ်သူက သည်းမခံနိုင်တော့ဘဲ ခတ်ဆတ်ဆတ် ခတ်ပြတ်ပြတ်မေးလိုက်သည်။

"ဘာလဲ ရှင်က ကျွန်မကိုယ်စား ဆိုဖီယာကို အိမ်ခေါ်ထားချင်တယ်ပေါ့လေ"

ယောကျ်ားဖြစ်သူသည် ရုတ်တရက် ဘာပြန်ပြောရမှန်းမသိဘဲ ခေတ္တမျှကြောင်နေပြီးမှ ပြန်ပြောလိုက်သည်။

"မဟုတ်ပါဘူးကွာ၊ မင်းနေရာမှာ ဆိုဖီယာကို အစားမလဲနိုင်ပါ

mgyoe.com

mgyoe.com

ဘူး။ ဆိုဖိယာကို ငါ အိမ်ခေါ်ထားရင်လည်း မင်းက စပယ်ယာ (အရန်ပစ္စည်း) အဖြစ်နဲ့ လိုတဲ့အခါမှာ သုံးရတာပေါ့"

❒

## ရုစဘဲ့၏အရည်အချင်း

အမေရိကန်သမ္မတကြီး သီယိုဒိုရုစဘဲ့သည် တစ်နေကုန်တစ်နေခန်း မနားမနေအလုပ်လုပ်တတ်သည်။ သူ့အတွက် အိပ်နေချိန်မှတစ်ပါး အနားမနေဘဲ အလုပ်ကို အဆက်မပြတ် လုပ်ကိုင်နေသူ ဖြစ်သည်။ သို့ဖြစ်၍လည်း အမေရိကန်ပြည်သူအားလုံးက အမြဲတမ်း အလုပ်ကို "အပြင်းအထန်" လုပ်တတ်သူဟူ၍ သတ်မှတ်ခဲ့ကြသည်။ သို့သော် ရုစဘဲ့ကိုယ်တိုင်ကမူ သူ့ကိုယ်သူ "အပြင်းအထန်" အလုပ်လုပ်တတ်သူဟူ၍ ချီးကျူးကြသည်ကို မလိုလားဘဲ ဖြစ်နေခဲ့သည်။ သမ္မတလင်ကွန်းနှင့် အီမာဆွန်တို့သာလျှင် ထိုသို့လုပ်တတ်ကြသူများဟု ချီးကျူးသင့်သည်ဟု ယူဆထားခဲ့သည်။ "တကယ်ဆိုတော့ ကျွန်တော်ဟာ ကဗျာလည်း မရေးတတ်၊ စာလည်း မရေးတတ်၊ အိန္ဒိယ လူနီတွေရဲ့ သီချင်းတွေလည်း မဆိုတတ်တဲ့အပြင် ဆင်းရဲသားတွေရဲ့ နေထိုင်စားသောက်ရေးကိုလည်း ဂရုမစိုက်တတ်ပါဘူး။ အဲဒီလို စာပေဂီတကို လေ့လာလိုက်စားပြီး ဆင်းရဲသား အများပြည်သူတွေအတွက် အင်တိုင်အားတိုက် လုပ်တတ်တဲ့သူကိုမှ "အပြင်းအထန်" အလုပ်လုပ်သူလို့ ခေါ်သင့်ပါတယ်။ ကျွန်တော့်မှာ ဒီအရည်အချင်းမျိုးတွေ မရှိဘဲ "အပြင်းအထန် အလုပ်လုပ်တဲ့လူလို့ မခေါ်သင့်ပါဘူး" ဟု ရိုးသားစွာ ဝန်ခံပြောကြားခဲ့သည်။

❒

mgyoe.com

mgyoe.com


# မဟာမက်အလီနှင့် မိုက်ကယ်ကိန်း

မကြာသေးမီကမှ ဟောလိဝုဒ်အော်စကာဆု ဆွတ်ခူးရရှိသွားခဲ့သော ဗြိတိသျှရုပ်ရှင်မင်းသား မိုက်ကယ်ကိန်းသည် တစ်ခါက ကမ္ဘာကျော် လက်ဝှေ့ကျော် မဟာမက်၏လက်သီးဒဏ်ကို လှလှကြီးခံခဲ့ရဖူးသည်။ သို့သော်လည်း လက်ဝှေ့ကြိုးဝိုင်းအတွင်း၌ မဟုတ်ဘဲ ထမင်းစားပွဲ တစ်ခုတွင်ဖြစ်သည်။ မဟာမက်အလီအား အရမ်းသဘောကျနေသော ရုပ်ရှင်ထုတ်လုပ်သူတစ်ဦးသည် တစ်ခါသော် သူသည် မဟာမက်အလီအား ညစာဖိတ်ကြား၍ ကျွေးမွေးခဲ့ရာ ထိုညစာစားပွဲတွင် မိုက်ကယ်ကိန်းကိုပါ ဧည့်သည်အဖြစ် ဖိတ်ကြားခဲ့သည်။

မဟာမက်အလီသည် စကားပြောလျှင် ပွင့်ပွင့်လင်းလင်း ဘွင်းဘွင်းကြီး ပြောတတ်သူဖြစ်သည်။ ထိုနေ့က ညစာစားပွဲတွင် မဟာမက်အလီသည် လက်ဝှေ့အကြောင်းကို လေလုံးထွားရင်း မိုက်ကယ်ကိန်းအား "မင်း ငါ့ရဲ့ညာလက်သီး တစ်ချက်လောက် အထိုးခံရဖူးရဲ့လား" ဟု ရုတ်တရက်မေးလိုက်ရာ ကိန်းမှာ ရုတ်တရက်ကြောင်သွားပြီး နောက်ပြောင်၍မေးသည်ဟု ယူဆကာ "အထိုးမခံရဖူးပါဘူး" ဟု ပြန်ပြောလိုက်သည်။ ဤတွင် မဟာမက်အလီသည် ရုတ်တရက် ထိုင်ရာမှထ၍ မိုက်ကယ်ကိန်း၏ မေးရိုးကိုတည့်တည့်ကြီး တအားထိုးလိုက်ရာ ကိန်းမှာ ထိုင်ရာမှ နောက်ပြန်လဲကျသွားခဲ့သည်။ သို့တိုင်အောင် ကျားတစ်ကောင်လို ဒေါသကြီးနေသော မဟာမက်အလီသည် မိုက်ကယ်ကိန်းအား တစ်စက္ကန့် နှစ်စက္ကန့်လောက် စိုက်ကြည့်လိုက်ပြီး "ဘယ့်နှယ်ထပ်ပြီး ထိုးပြရဦးမလား" ဟု မေးလိုက်သည်။

ဤတွင်မှ အိမ်ရှင်က မိုက်ကယ်ကိန်းအား ပျာပျာသလဲ ရှိခိုးတောင်းပန်ခဲ့ရသည်။ မဟာမက်အလီသည် လက်ဝှေ့သမားတစ်ယောက်အနေဖြင့် ကျားတစ်ကောင်လို အားမာန်ကြီးလှသူပါတကား။

mgyoe.com

mgyoe.com


# အသေးအဖွဲဆုံးက အရေးအကြီးဆုံး

ရူပဗေဒငြိမ်းချမ်းရေး ဆုရခဲ့သူ ရစ်ချတ်ဖေးမင်းသည် အမေရိကန် လွန်းယာဉ် 'ချဲလင်ဂျာ' ပေါက်ကွဲပျက်စီးမှု ဖြစ်ပွားခဲ့စဉ်က အမေရိကန် အစိုးရက ခန့်အပ်ခဲ့သော စုံစမ်းရေးကော်မရှင်တွင် တစ်ကမ္ဘာလုံးက ချီးကျူးအံ့သြခဲ့ရသူ ဖြစ်သည်။

ထိုစဉ်က သူသည် 'ချဲလင်ဂျာ' လွန်းပျံယာဉ်တွင် တပ်ဆင်ထား သည့် အသေးအဖွဲပစ္စည်းကလေး တစ်ခုဖြစ်သော ရာဘာအရိုင်းကလေး တစ်ခုကို ရေထဲထည့်ထားသည့် ဖန်ခွက်တစ်ခုထဲတွင် ထည့်ပြ၍ ဒီ ပစ္စည်းကလေးကြောင့် လွန်းပျံယာဉ်ပေါက်ကွဲ ပျက်စီးခဲ့ရကြောင်းအတိ အလင်း အခိုင်အမာပြောဆိုခဲ့သောကြောင့် ဖြစ်သည်။ ရစ်ချတ်ဖေးမင်း အမည်ရှိ အဆိုပါနိုဘယ်လ်ဆုရှင်သည် အဘယ့်ကြောင့် ထိုသို့ဖြစ်သွားခဲ့ရ သည်ကို အတိအကျတင်ပြပြောဆိုခဲ့သည်။

ဖေးမင်းသည် အဆန်းတကြယ်ကြီးကျယ်သော ကိစ္စရပ်များကို မစဉ်းစားဘဲ ရိုးရိုးသားသား အသေးအဖွဲကိစ္စများကိုသာ အမြဲစဉ်းစား တွေးတောတတ်သူ ဖြစ်သည်။ ညအချိန်တွင် တိမ်များဖုံးနေသဖြင့် ကြယ်များကို အဘယ်ကြောင့် လူတို့မမြင်ကြရပါသနည်း။ ရေထဲတွင် ဆီရောထားသဖြင့် ရေ၏အရောင်သည် အဘယ်ကြောင့် ပြောင်းလဲရပါ သနည်း။ ထိုရေ၏မျက်နှာပြင်သည် အဘယ့်ကြောင့် ကွဲတက်လာရပါ သနည်း။ ရေနံဆီမီးအိမ်တစ်ခုသည် တစ်နေရာတည်းတွင် ငြိမ်မနေဘဲ ရှေ့နောက်လှုပ်ရမ်းနေရပါသနည်း။

အထက်ပါပြဿနာများ၏ အရင်းအမြစ်ကို အလေးအနက် စဉ်း စားမိပါက သင်သည် အသေးအဖွဲကိစ္စကလေးများကို အကြောင်းပြု၍ ရောမကြီးကျယ်သော ပြဿနာရပ်ကြီးများကို ဖြေရှင်းနိုင်လိမ့်မည်ဟု နိုဘယ်လ်ဆုရှင် ရစ်ချတ်ဖေးမင်းက အခိုင်အမာအဆိုပြုထားခဲ့သည်။

❒

mgyoe.com

mgyoe.com


# တကယ်လုပ်တော့ အပတ်ခက်

ဖရင့်မက်ဂီယာဆိုသူသည် ပြည်ထောင်စုလမ်း လမ်းပန်း ဆက်သွယ်ရေးဌာနတွင် ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့စဉ်က စီးပွားရေးအရ ပို၍ ဝင်ငွေတိုးတက်စေရန်အတွက် ခရီးတိုသွားလာရေး စီမံကိန်းတစ်ခုကို ရေးသားတင်ပြခဲ့သည်။ ကုမ္ပဏီ၏သဘာပတိဖြစ်သူနှင့် လုပ်ငန်းကို စတင်တည်ထောင်ခဲ့သူ မစ္စတာဖရက်စမစ်အား အဆိုပါဝင်ငွေကောင်းမည့် လမ်းပန်းဆက်သွယ်ရေး စီမံကိန်းကို နှစ်ကြိမ် သုံးကြိမ်မျှ တင်ပြအကြံပေးခဲ့သည်။ သို့သော် သဘာပတိဖြစ်သူက လုံးဝလက်မခံဘဲ အကြိမ်ကြိမ် ပယ်ချခဲ့သည်။

သောကြာနေ့တစ်နေ့တွင် ဖရင့်မက်ဂီယာသည် သဘာပတိဖြစ်သူ မစ္စတာစမစ်၏ရုံးခန်းရှေ့မှ အမှတ်မထင်ဖြတ်သွားရင်း ရုံးခန်းတွင်းမှ မစ္စတာစမစ်အား "ကျွန်တော့်ကို တစ်မိနစ်လောက် စကားပြောခွင့်ပြုနိုင်ပါ့မလား"ဟု မေးလိုက်သည်။ ဤတွင် ဖရင့်၏အတွင်းသဘောကို သိနေသော စမစ်က "ဒီမယ် မစ္စဘာဖရင့် ခင်ဗျားဟာ ခင်ဗျားတင်ပြထားတဲ့ စီးပွားရေးလုပ်ငန်း အသေးစားကလေးအကြောင်း ပြောဦးမလို့ မဟုတ်လား လှမ်းပြောလိုက်ပြီး "ခင်ဗျား အခန်းထဲကို ခဏဝင်ခဲ့ပါဦး" ဟု ဖိတ်မန္တကပြုလိုက်သည်။ အခန်းထဲသို့ရောက်သောအခါ သဘာပတိ စမစ်က သူထိုင်နေသော ကုလားထိုင်ပေါ်မှထ၍ ဖယ်ပေးလိုက်ပြီး ခင်ဗျား ဒီကုလားထိုင်ပေါ်မှာ ခဏလောက် လာထိုင်ကြည့်ပါဦး"ဟု ပြောလိုက်ရာ ဖရင့်မှာ ဘုမသိဘမသိဖြင့် ဝင်ထိုင်လိုက်ရသည်။

ဤတွင်မှ မစ္စတာစမစ်က သူ့စားပွဲပေါ်နှင့် စားပွဲဘေးပတ်ပတ်လည်တွင် အထပ်လိုက် အထပ်လိုက်ဖြစ်နေသော စာရွက်စာတမ်းများ ဖိုင်တွဲများနှင့် မှတ်တမ်းများကို မစ္စတာဖရင့်အား လက်ညှိုးထိုးပြပြီး ဤသို့ပြောလိုက်သည်။

mgyoe.com

mgyoe.com

"ဒီမှာ ခင်ဗျားမြင်တယ်မဟုတ်လား၊ ငွေစာရင်းအင်း စာရွက်တွေ အနယ်နယ်အရပ်ရပ်က တိုင်ကြားစာတွေ၊ ဘဏ္ဍာရေးရှင်းတမ်းတွေ၊ လချုပ်စာရင်းနဲ့ နှစ်ချုပ်စာရင်းစာအုပ်တွေ တောင်ပုံရာပုံဖြစ်နေတာ ခင်ဗျား တွေ့တဲ့အတိုင်းပဲ။ ဒါတွေ ဒါတွေကို နေ့စဉ်နဲ့အမျှပြီးမြောက်အောင် လုပ်ရတာမလွယ်ဘူးဗျ။ တခြားစီးပွားရေး လုပ်ငန်းအသေးစားတွေလုပ်ဖို့ ခင်ဗျားအကြံပေးသလို ဘယ်လိုမှမလုပ်နိုင်ဘူး။ အလုပ်ဆိုတာ ပြောတော့ သာ လွယ်တာ၊ တကယ်လုပ်တော့ အဟုတ်ခက်တယ်ဆိုတာ ခင်ဗျား ကိုယ်တိုင် လုပ်ကြည့်မှပိုပြီးသိပါလိမ့်မယ်"ဟူ၍ ရှင်းပြလိုက်ရာ မစ္စတာ ဖရင့်မှာ သဘာပတိ မစ္စတာစမစ်၏ ကုလားထိုင်ကြီးပေါ်မှ ထိုင်ရင်း ဘာတစ်ခွန်းမှ ပြန်မပြောနိုင်အောင် ဖြစ်နေခဲ့သည်။

❒

## ကက်သရင်းဟတ်ဘန်း၏ စကားပြောနည်း

"ကျွန်မဖြင့် စာရေးတဲ့နေရာမှာရော၊ စကားပြောတဲ့နေရာမှာရော ပြတ်တောင်းပြတ်တောင်းရေးတာ ပြောတာမျိုးကို သိပ်မုန်းတာပဲ။ အဲဒီ လို ပြောတာမျိုးဟာ စကားထစ်နေသလိုနားထောင်ရတာ အရသာသိပ် ပျက်တာပဲ။ စာရေးရာမှာ "ကော်မာ" တွေ သိပ် သုံးပြီး "ဒက်ရှ် (-) တွေ များလာရင် အဲဒီလူရဲ့စာဟာ အသက် ဖုတ်လှိုက် ဖုတ်လှိုက် ဖြစ်နေသလိုပဲ။ ပြီးတော့ စာဖတ်သူကို မေးခွန်းပုံစံမျိုး (Question Mark) သုံးတာလည်း စော်ကားတာတစ်မျိုးပဲ။ အဲဒီလိုသုံးမိရင် လမ်း မှန်မှန်လျှောက်နေရာက ခြေမပေါ်မှာ ဓားမြှောင်တစ်ချောင်း စိုက်ကျ လာသလို ခံစားရပါတယ်" ဟူ၍ ကမ္ဘာကျော် ရုပ်ရှင်မင်းသမီးကြီး ကက်သရင်းဟတ်ဘန်းက ပြောဖူးသည်။

❒

mgyoe.com

mgyoe.com


## ကံကောင်းတဲ့ ဒုတိယသမ္မတ မွန်ဒေးလ်

သမ္မတရွေးကောက်ပွဲတွင် ရော်နယ်ရီဂင် အရွေးခံရပြီး နောက် နှစ်လ၊ သုံးလခန့်အကြာတွင် ဖြစ်သည်။ ထိုနေ့က ဒုတိယသမ္မတဟောင်း မွန်ဒေးလ်သည် ဆန်ဖရန်စစ္စကိုမြို့ အသံလွှင့်ရုံရှိ အခန်းကလေးထဲတွင် အင်တာဗျူးလုပ်ရန် အစီအစဉ်ရှိနေသဖြင့် စောင့်ဆိုင်းနေခဲ့ရသည်။ ထိုနေ့က ရုပ်သံလွှင့်အစီအစဉ်မှာ နံနက်ပိုင်းတွင် ထုတ်လွှင့်ရန်ဖြစ်သည်။ ရုပ်သံလွှင့်ထုတ်မည့်သူများသည်လည်း အခြားတာဝန်ရှိသူ နှစ်ယောက်ကို စောင့်ဆိုင်းနေကြသည်။

ဤတွင် မွန်ဒေးလ်က ဒီနေ့နံနက်ပိုင်း အစီအစဉ်နှင့်ပတ်သက်၍ အောက်ပါအတိုင်း ပြောပြခဲ့သည်။ "ကျွန်တော်က အင်တာဗျူးလုပ်မယ့် လူတွေကို ဘာကြောင့် တခြားလူကိုမရွေးဘဲ ကျွန်တော့်ကိုမှ ရွေးရသလဲ လို့ မေးကြည့်ပါတယ်။ အဲဒီတော့ သူတို့ပြန်ပြောတာက ကျွန်တော်နဲ့ပြိုင် ပြီး ဒုတိယသမ္မတ အရွေးခံမယ့်လူက ဆန်ဖရန်စစ္စကိုက Cronicle သတင်းစာထဲမှာ သတို့သမီးလောင်းတစ်ယောက် အလိုရှိကြောင်း ကြော် ငြာထည့်ထားလို့ပါတဲ့။ ကျွန်တော့်နောက်က ပြိုင်ပွဲဝင်မယ့်လူကလည်း မနေ့ကပဲ ရေချိုးကန်ထဲမှာ ပေ (၂၀) လောက်ရှည်တဲ့ မြွေကြီးတွေကို တွေ့လိုက်ရလို့ လန့်ဖျပ်ပြီး ခုန်ချထွက်ပြေးသွားလို့ ကျွန်တော့်ကိုပဲ အင်တာဗျူးဖို့ ရွေးလိုက်ရတယ်လို့ ပြောပါတယ်"

"ဒီတော့မှ ကျွန်တော်က စဉ်းစားမိတယ်။ ဒီနေ့ အင်တာဗျူး လုပ်မိတာဟာ ငါ့အတွက် အတော်ကံကောင်းတာပဲလို့ တွေးမိပါတယ်" ဟု မွန်ဒေးလ်က ပြန်ပြောပြခဲ့သည်။

❒

mgyoe.com

mgyoe.com


# ထူးခြားဆန်းကြယ်သော အမျိုးသမီးတစ်ယောက်

ကလဲယားဘုသ်ရစ်သည် ထူးခြားသောအမျိုးသမီးတစ်ယောက်ဖြစ်သည်။ သူမသည် လွှတ်တော်အမတ်ဖြစ်သည့်ပြင် တစ်ချိန်တည်းတွင် ပြဇာတ်ရေးဆရာမဖြစ်၍ သံအမတ်အဖြစ်လည်း တာဝန်ယူလိုက်သေးသည်။ သည့်ထက်ပို၍ ထူးခြားသည်မှာ သူမသည် လူတစ်ယောက်နှင့် မိတ်ဆွေအဖြစ် ပေါင်းသင်းရသည်မှာ လွန်စွာလွယ်ကူလှသည်။ သူသဘောကျသည့် အမျိုးသမီးတစ်ယောက်နှင့် အဝတ်အစားများ ဆင်တူရွေး၍ဝတ်ဆင်လေ့ရှိသည်။ ထိုသို့ ဝတ်ဆင်ရာ၌ အသေးအဖွဲ့ကလေးကအစ တူညီအောင်ဝတ်စား ဆင်ယင်တတ်၏။

သို့သော် တစ်နေ့တွင်မူ ထိုသို့အဝတ်အစားဆင်တူ ဝတ်တတ်သည့်အတွက် သူမမှာ အကြီးအကျယ်ချောက်ကျခဲ့ရသည်။ သူမသည် သူ့စိတ်ထဲတွင် သဘောကျသည့်သူနှင့် ဟိုတယ်တွင် ညစာစားသည့်အခါ၌ဖြစ်စေ၊ ဓာတ်လှေကားပေါ်၌ မတော်တဆ တွေ့ကြသည့်အခါ၌ဖြစ်စေ အဝတ်အစားများမှာ အရောင်တူအသွေးတူ အဆင်တူဖြစ်နေတတ်သဖြင့် မကြာခဏ လူမှားတတ်ကြသည်။ သို့သော် ထိုသို့ဝတ်စားဆင်ယင်တတ်သဖြင့် တစ်ယောက်နှင့်တစ်ယောက် မိတ်ဆွေရင်းချာများဖြစ်သွားကြသည်ကိုလည်း မကြာခဏတွေ့ရတတ်သည်။

တစ်ခါတစ်ရံတွင်မူ ထိုသို့အဝတ်အစား ဆင်တူဝတ်မိကြသဖြင့် တစ်ယောက်နှင့် တစ်ယောက် နာမည်မှား၍ခေါ်မိခဲ့ကြသည်။ သူတို့စိတ်ထဲတွင် သူတို့နှင့် အရောင်အသွေးတူ ဆင်တူဝတ်လာမိကြသဖြင့် "ဒီအမျိုးသမီးကို ငါမြင်ဖူးပါတယ်။ ဘယ်နေရာမှာမြင်ဖူးသလဲလို့တော့ မသိဘူး"ဟု စိတ်ထဲတွင် ဇဝေဇဝါဖြစ်ကာ နာမည်ကိုမခေါ်ရအောင်

mgyoe.com

mgyoe.com


ဖြစ်ခဲ့ကြရသည်။ ထူးဆန်းထွေလာ ဤကမ္ဘာဟူ၍ပင် ဆိုရမလိုဖြစ်နေသည်။

❑

## ဆိုရှယ်လစ်မှ ဆိုရှယ်လစ်

နော်မန်သောမတ်စ်သည် အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ဆိုရှယ်လစ်ပါတီ ကိုယ်စားလှယ်ဟောင်းအဖြစ် (၆) ကြိမ်တိုင်တိုင် ဝင်ရောက်အရွေးခံခဲ့ဖူးသည်။ သို့သော် သူသည် သမ္မတအဖြစ်တစ်ကြိမ်တစ်ခါမျှ ရွေးကောက်ပွဲတင်မြှောက်ခြင်း မခံခဲ့ရပေ။ သူသည် ၁၉၂၈ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

သို့သော် နောက်လိုက်မရှိသော ခေါင်းဆောင်တစ်ယောက်အဖြစ်နှင့်သာ ကျေနပ်နေခဲ့ရသော်လည်း စိတ်ပျက် လက်လျှော့ခြင်း မရှိဘဲ (၆) ကြိမ်တိုင်တိုင် ယှဉ်ပြိုင်ခဲ့သည်။ သို့ပါလျက် သူသည် သူ၏ယုံကြည်ချက်ကို လုံးဝမလျှော့ဘဲ ဆိုရှယ်လစ်ဝါဒနှင့်ပတ်သက်၍ ဆောင်းပါးများ အမြဲရေးနေခဲ့သည်။ စကားအချေအတင်ပြောခဲ့သည်။ ဆန္ဒပြပွဲတွင် စည်းရုံးရေးများကို လုပ်မြဲ လုပ်ကိုင်နေခဲ့သည်။ သို့တိုင်အောင် သူသည် စိတ်ပျက်အားငယ်ခြင်းမရှိဘဲ ဆိုရှယ်လစ်ဝါဒကို အသေအလဲ ယုံကြည်နေခဲ့သည်။ စကားပြောရာတွင်လည်း ဟာသကလေးများနှော၍ ပြောတတ်သည်။

တစ်ခါသော် ပရိသတ်က သူ့အားစကားပြောရန် မေတ္တာရပ်ခံခဲ့ရာ သူသည် စားပွဲ၏နောက်ဆုံးမှ နေရာယူ၍ သူပြောချင်ရာကို အေးအေးဆေးဆေးပင် ပြောနေခဲ့သည်။ ထိုသို့စကားပြောရင်း သူသည် ညာဘက်လက်ဖြင့် ကြိမ်လုံးတစ်လုံးကိုကိုင်၍ ဘယ်လက်ကိုနောက်သို့ပစ်ကာ စကားပြောနေခဲ့သည်။ သူ့စကားစလျှင်စချင်း သူသည် ပရိသတ်အား

mgyoe.com

mgyoe.com


နှုတ်ဆက်လိုက်သည်မှာ "ဆိုရှယ်လစ်ဝါဒကြီးကတော့ အခုအချိန်မှာ မျက်ရည်တောက်တောက် ကျနေခဲ့ပါပြီ"ဟု အစချီလိုက်ရာ ပရိသတ်မှာ ဟန်မဆောင်နိုင်တော့ဘဲ အုန်းခနဲ ပွဲကျသွားခဲ့သည်။

သူကား သေသည်အထိ ဆိုရှယ်လစ်ဝါဒကို ယုံကြည်သွားမည့် ပုဂ္ဂိုလ်တစ်ယောက်ပင် ဖြစ်သည်။

❐

## စာတိုက်မင်းကြီးဒုက္ခ

အမေရိကန်ပြည်ထောင်စု အစိုးရစာတိုက်ဌာနမင်းကြီး အက်ဒွပ် ဒေးသည် တစ်ခါက သူကြုံတွေ့ရသည့် ဒုက္ခတစ်ခုကို သူ့မိတ်ဆွေ တစ်ယောက်အား ဤသို့ဖွင့်ပြောဖူးသည်။

"တစ်နေ့တော့ အခါကြီးရက်ကြီးတစ်ခုမှာ ကျွန်တော့်မိတ်ဆွေ တွေက ကျွန်တော့်ထံကို လက်ဆောင်ပစ္စည်းတစ်ခု အမှတ်တရပို့လိုက်ပါ တယ်။ အမှန်အတိုင်းပြောရရင် ကျွန်တော်ဟာ ဒီလက်ဆောင်ပစ္စည်းကို လက်မခံဘဲပြန်ပို့ရမှာပါ။ ဘာကြောင့်လဲဆိုတော့ အစိုးရကချမှတ်ထားတဲ့ ပေါ်လစီအရ ကျွန်တော်တို့အရာရှိတွေဟာ ဒီလိုလက်ဆောင်ပစ္စည်းပို့တဲ့ သဘောဟာ လာဘ်ထိုးတဲ့သဘောမျိုး ဖြစ်နေလို့ ဒီလိုလက်ဆောင်ပစ္စည်း မှန်သမျှ လက်မခံဘဲပြန်ပို့ဖို့ စည်းကမ်းသတ်မှတ်ထားပါတယ်။ ဒီလိုနဲ့ အဲဒီလက်ဆောင်ပစ္စည်းကို ဖွင့်ကြည့်လိုက်တော့ လျှပ်စစ်အားနဲ့ခေါင်းဖြီး တဲ့ ဝက်မင်ဘီးတစ်ချောင်း ဖြစ်နေပါတယ်။ ပြီးတော့ ဝက်မင်ဘီးဟာ မတော်တဆ လမ်းမှာကျိုးလာတာ တွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော် ဘယ်လိုလုပ်ရမှန်းမသိဘဲ အခက်တွေ့နေရပါတယ်။ တကယ်လို့ ဒီ လက်ဆောင်ပစ္စည်းကို ပြန်မပို့ဘဲလက်ခံထားရင် အစိုးရသတ်မှတ်ထား

mgyoe.com

mgyoe.com


တဲ့ ပေါ်လစီကို ချိုးဖောက်ရာ ရောက်နေပါလိမ့်မယ်။ တကယ်လို့ လက်မခံဘဲ ပြန်ပို့လိုက်ရင်လည်း အဲဒီဝက်မင်ဘီးဟာ ကျိုးနေတာမို့ ကျွန်တော်တို့စာတိုက်ဌာနရဲ့ ချို့ယွင်းချက်ကိုဖော်ပြသလို ဖြစ်နေမှာမို့ ကျွန်တော့်မှာ အဲဒီတုန်းက အတော်ကလေးဒုက္ခ ရောက်ခဲ့ရပါတယ်'' စာတိုက်မင်းကြီးဒေးက ဝန်ခံပြောဆိုခဲ့သည်ဟု သိရသည်။

❒

## ဦးထုပ်ကိုတော့ ဒီအတိုင်းထားပေးပါခင်ဗျာ

နယူးယောက်မြို့တော်မှ စည်းကမ်းကြီးလှသော အမေရိကန်တပ်ဖွဲ့တစ်ခုသို့ ယောဂီဘာသာရေးဂိုဏ်းဝင် ဘာရာဆိုသူသည် တပ်သားအဖြစ် အမှုထမ်းရန် ဝင်ခွင့်လျှောက်ထားခဲ့သည်။ သို့ဖြင့် ဝင်ခွင့်ရပြီးနောက် သူ့အတွက် ယူနီဖောင်းဝတ်စုံချုပ်ရန် တပ်မတော်အဝတ်အစား ချုပ်လုပ်သည့်ဌာနသို့ သွားရောက်ခဲ့ရသည်။

ဤတွင် အဝတ်အစားချုပ်လုပ်သူက ကိုယ်ခန္ဓာအတိုင်းအထွာများကို ပေကြိုးဖြင့် စနစ်တကျတိုင်းထွာပြီး အဝတ်စညှပ်မည့်သူ့အား ဤသို့ ပြောလိုက်သည်။

''လောလောဆယ် သူ့ရင်ဘတ်က (၄၈) လက်မ ရှိနေတယ်။ ဒါပေမဲ့ (၄၆) လက်မပဲညှပ်ပေးလိုက်၊ ဘာဖြစ်လို့လဲဆိုတော့ သင်တန်းလေ့ကျင့်ရင်းနဲ့ သူ့ခန္ဓာကိုယ်ဟာ သေးသွားလိမ့်မယ်။ ခါးကလည်း အခု (၃၈) လက်မ ရှိပေမယ့် (၃၆) လက်မပဲ ညှပ်ပေးလိုက်။ သူ့ခါးလည်း သင်တန်းဆင်းရင်းနဲ့ နည်းနည်းလျော့သွားလိမ့်မယ်။ ဘောင်းဘီအရှည်ကလည်း အခုဆိုရင် (၂၈) လက်မရှိနေတယ်။ အဲဒါ (၂၆) လက်မပဲထားလိုက်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ခါးက ကျဉ်းသွားတော့ ဘောင်းဘီကို အပေါ်မပြီး ဝတ်ရမှာမို့ (၂) လက်မလောက်တိုသွားမှ အနေတော်ဖြစ်မယ်'' စသဖြင့်ပြောလိုက်ရာ တပ်သားသစ်ဘာရာသည်

mgyoe.com

mgyoe.com

တစ်စုံတစ်ခု စိုးရိမ်သွားသဖြင့် "ဆရာရယ်၊ ခေါင်းကဦးထုပ်ကိုတော့ အခုရှိတဲ့အတိုင်း ၇ ၃/၈ လက်မပဲ ထားပေးပါ၊ အဲဒါကိုတော့ မကျဉ်းလိုက်ပါနဲ့"ဟု ပြောလိုက်သဖြင့် ရဲဘော်အားလုံး ဝါးခနဲပွဲကျသွားခဲ့သည်။

❒

## ကောလာဟလသတင်း ရှင်းစရာမလို

နယူးယောက်မြို့မှ သတင်းစာတစ်စောင်သည် ကမ္ဘာကျော်ရုပ်ရှင်မင်းသမီးကြီး ဘက်တီဒေးဗစ် ကွယ်လွန်သွားကြောင်းဖြင့် သတင်းတစ်ပုဒ် ထည့်လိုက်ရာ ထိုသတင်းမှာ မမှန်မကန်ဘဲ ကောလာဟလသတင်း ဖြစ်နေခဲ့သည်။ သို့သော် ဘက်ကီးဒေးဗစ်၏ အမျိုးသမီးမိတ်ဆွေတစ်ဦးသည် ထိုသတင်းအတွက် မခံမရပ်နိုင်ဖြစ်ကာ ထိုသတင်းစာထဲတွင် ဖြေရှင်းချက်ထည့်ပေးရန် ဒေးဗစ်အား အပြင်းအထန်တိုက်တွန်းခဲ့သည်။ သို့သော် ဒေးဗစ်သည် ခေါင်းအေးအေးဖြင့် ဤသို့ပြန်ပြောခဲ့သည်။ "ဒီသတင်းနဲ့ပတ်သက်လို့ ဘာမှဖြေရှင်းချက် ထည့်ခိုင်းစရာမလိုပါဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီသတင်းစာဟာ လောလောဆယ်အလုပ်သမားတွေ သပိတ်မှောက်နေကြလို့ သတင်းစာမထွက်နိုင်ဘဲ ရပ်ထားရတယ်လေ"ဟု အေးအေးဆေးဆေး ပြန်ပြောခဲ့သည်။

❒

## ဒါ ကျုပ်လက်ချက်ဗျ

အမေရိကန်ပြည်ထောင်စုမှ IBMခေါ် တိုက်ချင်းပစ်ဒုံးပျံများကို တီထွင်ထုတ်လုပ်ခဲ့သော သောမတ်စ်ဂျေဝပ်ဆင်သည် ကွန်မြူနစ်များ

mgyoe.com

mgyoe.com


အပေါ် လုံးဝအယုံအကြည်မရှိဘဲ ''ဒီလူတွေဟာ ဘုရားမှန်း တရားမှန်းလည်း မသိ။ စည်းကမ်းဥပဒေကိုလည်း လိုက်နာရမှန်းမသိတဲ့လူတွေ'' ဟု ပုတ်ခတ်ပြောဆိုခဲ့သည်။

ထိုသို့ပုတ်ခတ် ပြောဆိုခဲ့သည်မှာ သူကိုယ်တိုင် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကြောင့် ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီက IBM တိုက်ချင်းပစ် ဒုံးပျံများကို အမေရိကန်နိုင်ငံမှ ဆိုဗီယက်တို့က ငှားရမ်း တစ်စစီဖြုတ်ကာ ဆိုဗီယက်ပြည်ထောင်စုတွင် စမ်းသပ် ပြုလုပ်ခဲ့ကြသည်။ ထိုအကြောင်းကို သိလာခဲ့ရသော ဝပ်ဆင်သည် ဆိုဗီယက်ယူနီယံမှ တိုက်ချင်းပစ်ဒုံးပျံများကို ပြန်၍ သိမ်းယူခဲ့သည်။




နှစ်ပေါင်းများစွာ ကြာလာသောအခါ... တစ်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂ ညှိနှိုင်းပွဲတစ်ခုတွင် ကိုယ်စားလှယ်တော်တစ်ဦးက ဆိုဗီယက် နိုင်ငံခြားရေးဝန်ကြီး ဂရိုမီကိုအား ''ခင်ဗျားတို့နိုင်ငံမှာ တိုက်ချင်းပစ်ဒုံးပျံတွေ မသုံးတော့ဘူးလား '' ဟု မေးမြန်းခဲ့ရာ ဂရိုမီကိုက ''မသုံးတော့ပါဘူးဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားတို့ အမေရိကန် နိုင်ငံခြားရေးဌာနက ကျုပ်တို့ကို ဒုံးပျံတွေ မပေးတော့ဘဲ ပြန်သိမ်းသွားခဲ့တာကိုး''ဟု ပြန်ပြောခဲ့သည်။

ထိုအခိုက် ဂရိုမီကို၏အနီးတွင် ရှိနေသော ဝပ်ဆင်က မအောင့်အည်းနိုင်တော့ဘဲ ''ဒီကိစ္စအတွက် ကျုပ်တို့ နိုင်ငံခြားရေးဌာနကို ဘာမှ

mgyoe.com

mgyoe.com

အပြစ်တင်စရာမလိုပါဘူး။ ဒီဒုံးပုံတွေကို ဆိုဗီယက်ယူနီယံက ပြန်သယ်လာအောင် လုပ်ခဲ့တာ ကျူပ်လက်ချက်ဗျ။ ကျူပ်လက်ချက်ပဲ”ဟု ဒေါပွပွဖြင့် ပြန်ပြောခဲ့သည်။

တကယ်တော့ ကမ္ဘာ့ခေါင်းဆောင်ကြီးများသည်လည်း ကလေးများလို စိတ်လိုက်မာန်ပါ ပြောတတ်ကြပါတကား။

❐

## စားပွဲပေါ်က ခြေထောက်နှစ်ချောင်း

ကမ္ဘာကျော်ဖို့(ဒ်) မော်တော်ကား ကုမ္ပဏီကြီး၏ ပိုင်ရှင်ဖြစ်သူ ဟင်နရီဖို့(ဒ်)သည် မော်တော်ကားများ ထုတ်လုပ်ရောင်းချခြင်းဖြင့် ကမ္ဘာပေါ်တွင် စီးပွားရေးအရ အချမ်းသာဆုံး သူဌေးကြီး တစ်ဦးအဖြစ် ထင်ရှားကျော်ကြားခဲ့သည်။ သို့သော် မကြာမီ သူ၏(ဖို့ဒ်)




မော်တော်ကားများမှာ အရောင်းကျဆင်းလာသဖြင့် တစ်နှစ်ထက်တစ်နှစ် ဝင်ငွေလျော့ပါးလာသဖြင့် စီးပွားရေးအရ ပြန်လည်နာလန်ထူလာစေရန် နာမည်ကျော် စီးပွားရေးပါရဂူတစ်ယောက်အား ငှားရမ်း၍ မော်တော်ကား ထုတ်လုပ်ရာ၌ ငွေကြေးသက်သာစေရန် အကြံဉာဏ်များ တောင်းခံခဲ့သည်။

အဆိုပါ စီးပွားရေးပါရဂူသည် (ဖို့ဒ်) မော်တော်ကား ထုတ်လုပ်

mgyoe.com

mgyoe.com


သည့် စက်ရုံတစ်ခုလုံးသို့ လှည့်လည်ကြည့်ရှု စစ်ဆေးကာ ငွေကုန်ကြေးကျ သက်သာစေမည့် အစီရင်ခံစာတစ်စောင် ရေးသားပြီးတင်သွင်းခဲ့သည်။ ထိုအစီရင်ခံစာမှာ သေချာတိကျ၍ ကောင်းမွန်လှသဖြင့် ဟင်နရီဖို့(ဒ်)က သဘောကျနေခဲ့သည်။

သို့သော် ထိုအစီရင်ခံစာတစ်နေရာတွင် ပါဝင်နေသော အချက်တစ်ချက်ကို ဘဝင်မကျသဖြင့် အဆိုပါစီးပွားရေးအကြံပေး ပါရဂူအားခေါ်ယူတွေ့ဆုံ၍ အကျိုးအကြောင်းကို စုံစမ်းမေးမြန်းခဲ့သည်။

"ခင်ဗျားရဲ့ အစီရင်ခံစာထဲမှာပါတဲ့ ဒီအချက်ကို သေသေချာချာ ရှင်းပြပါဦး"ဟု ဟင်နရီဖို့(ဒ်)က မေးလိုက်ရာ စီးပွားရေးပါရဂူက ချက်ချင်းပင် ထိုအချက်ကိုရှင်းပြခဲ့သည်။ "ကျွန်တော် အစီရင်ခံစာထဲမှာ ပါတဲ့အတိုင်းပဲ။ ဒီရုံးခန်းရဲ့ ဟိုဘက်ထိပ်ကအခန်းထဲမှာ အခုဆိုင်တာဝန်ခံ တစ်ယောက်ဟာ ဒီကုမ္ပဏီရဲ့စီးပွားရေးကို ကျဆင်းအောင် လုပ်နေတာတွေ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ သူဟာ သူ့ရုံးခန်းရှေ့က ကျွန်တော် ဖြတ်သွားတဲ့အခါတိုင်း အလုပ်လုပ်နေတာ မတွေ့ရဘဲ ခြေထောက်နှစ်ချောင်းကို စားပွဲပေါ်တင်ပြီးထိုင်နေတာ အမြဲတွေ့ရပါတယ်။ ဒါဟာ ကုမ္ပဏီရဲ့ငွေကို သက်သက်ဖြုန်းတီးနေတဲ့ သဘောပါပဲ"ဟု စီးပွားရေးပါရဂူက ပြောလိုက်သည်။

ဤတွင် သူဌေးကြီးဟင်နရီဖို့(ဒ်)က ပါရဂူကြီး၏ ပြောကြားချက်ကို လက်မခံဘဲ ထိုသို့ပြန်ပြောခဲ့သည်။ "ဒီအချက်ကိုတော့ ကျွန်တော် လက်မခံနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီဌာနဆိုင်ရာ တာဝန်ခံဟာ တစ်ခါတုန်းက ကျွန်တော်တို့ကုမ္ပဏီအတွက် ဒေါ်လာသန်းပေါင်းများစွာ အကုန်အကျသက်သာစေတဲ့ စီမံချက်တစ်ခုကို ရေးဆွဲပေးခဲ့ဖူးပါတယ်။ ဒါကြောင့် သူဟာ သူ့ခြေထောက်နှစ်ချောင်းကို နေရာမှန်ရောက်အောင် စားပွဲပေါ်တင်ထားတာ ဖြစ်ပါလိမ့်မယ်" ဟု ပြောလိုက်ရာ ပါရဂူကြီးမှာ


mgyoe.com

mgyoe.com


စီးပွားရေးအကွက် မြင်တတ်သော ဟင်နရီဖို့(ဒ်)၏ စိတ်ဓာတ်ကို ချီးကျူး မဆုံးနိုင်အောင် ဖြစ်သွားခဲ့ရသည်။

❒

## ပျောက်ဆုံးနေသော ကလင်တန်၏နာရီ



(White House) ''အိမ်ဖြူတော်''ဟု ဆိုလိုက်လျှင် အမေရိကန် ပြည်ထောင်စုသားအားလုံး တစ်ယောက်မကျန် သိကြရုံမျှမက ကမ္ဘာအရပ်ရပ်မှ ပြည်သူပြည်သားအားလုံးကပင် သိနေကြသည်။ ကမ္ဘာ့ထိပ်တန်းနိုင်ငံကြီး တစ်နိုင်ငံဖြစ်သော အမေရိကန်ပြည်ထောင်စုကြီး၏ သမ္မတကြီးကိုယ်တိုင် နေထိုင်သည့်အိမ်ကြီး ဖြစ်သည့်အလျောက် ဤရွေ့ ဤမျှ ထင်ရှားကျော်ကြား လူသိများနေခြင်းဖြစ်သည်။ အထူးသဖြင့် အိမ်ဖြူတော်ကြီးကို သမ္မတကနေဒီနှင့် ဂျက်ကလင်းကနေဒီတို့ ဇနီးမောင်နှံ လက်ထက်မှစ၍ ပိုမိုကြီးကျယ်ခမ်းနားအောင် တိုးချဲ့ပြင်ဆင်ခဲ့ရာမှ

mgyoe.com

mgyoe.com


သမ္မတနေထိုင်ရာ အိမ်တော်အဖြစ်သာမက အနုပညာပြတိုက်ကြီးတစ်ခု အဖြစ် ကြီးကျယ်ဆန်းပြားစွာ ရင်သပ်ရှုမော အံ့သြဖွယ်ရာအဆောက် အဦကြီး ဖြစ်လာခဲ့သည်။ အကောင်းဆုံးဗိသုကာများဖြင့် ပြုပြင်မွမ်းမံ ထားသည့်အလျောက် ကမ္ဘာကျော်ပန်းချီကားများ စုဆောင်းပြသထား သည့် ဧရာမပြခန်းကြီး၊ ကမ္ဘာအရပ်ရပ်မှ အကြောင်းကိစ္စအရပ်ရပ်ဖြင့် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးအရ လာရောက်ဆွေးနွေးကြသည့် ဧည့်သည်တော်ကြီးများအတွက် ဧည့်ခံဆွေးနွေးစရာ အဆန်းတကြယ် ပြုပြင်ထားသည့် ဧည့်ခန်းဆောင်ကြီးများ ကျယ်ဝန်းပြန့်ပြူးလှသည့် အိမ်ဖြူတော်ဝင်းအတွင်း အရောင်မျိုးစုံဖူးပွင့်နေသည့် ဥယျာဉ်ဝန်းခြံကြီး များနှင့် အိမ်ဖြူတော်ဝန်ထမ်းများအတွက် သန့်ရှင်းကျယ်ဝန်းလှသည့် အိပ်ဆောင်များပါမကျန် ကပွဲခန်းမဆောင်ကြီးများပါ တွဲဖက်ဆောက်လုပ် ထားသဖြင့် အမေရိကန် ပြည်သူပြည်သားများသာမက ကမ္ဘာအရပ်ရပ်မှ ခရီးသွားဧည့်သည်များပါ အိမ်ဖြူတော်ကို နေ့စဉ်လိုလို လာရောက် ကြည့်ရှုကြသည့် ပရိသတ်များဖြင့် စည်ကားနေခဲ့သည်။

ထိုသို့ အိမ်ဖြူတော် အဆောက်အဦကြီးအတွင်း ပန်းချီပြခန်း ကြီးများ၊ ဧည့်ခန်းဆောင်များ၊ ကပွဲခန်းမကြီးများ စသည်ဖြင့် အဆောင် ဆောင် အခန်းခန်း ပြုပြင်မွမ်းမံ ဆောက်လုပ်ထားခဲ့ရာ၌ စိတ်ဝင်စားဖွယ် ရာ အကောင်းဆုံးနှင့် အထူးခြားဆုံးမှာ "နာရီပြခန်းကြီး"ပင် ဖြစ်သည်။ ထိုပြခန်းကြီး၏ ထူးခြားချက်မှာ ခန်းမဆောင်ကြီးအတွင်း ချိတ်ဆွဲပြသ ထားသည့် နာရီကြီးများမှာ ရိုးရိုးသာမန်နာရီများ မဟုတ်ဘဲ အမေရိကန် ပြည်ထောင်စုကြီးတွင် သမ္မတအဖြစ် တာဝန်ယူခဲ့ကြရသည့် ပုဂ္ဂိုလ်ကြီး များ၏ အမှတ်တရနာရီကြီးများ ဖြစ်နေသောကြောင့်ပင် ဖြစ်သည်။

ဤတွင် အဆိုပါနာရီလက်တံများမှာ နာရီတစ်ခုနှင့်တစ်ခု၊ အချိန် မတူဘဲ ကွဲပြားနေကြခြင်းပင်ဖြစ်သည်။ ဥပမာ သမ္မတကနေဒီ၏နာရီမှာ

mgyoe.com